# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ Monday, 11 September 2023 ၁၁၂၁၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်၍ ဒေသတွင်း၌ စံပြဖြစ်အောင် ဆောင်ရွက်ရန်မှာကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁) စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း နို့စားနွား၊ အသားစားနွားနှင့် ဒေသနွားများမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

ယနေ့ ဖတ်စရာ

**ပညာအခြေခံခိုင်မာသော နိုင်ငံရေးအဆောက်အဦသစ်ဆီသို့ . . .**

ဆောင်းပါး စာမျက်နှာ » ၁၀

**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၅၂၄ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၁



**မွန်ရိုးရာအဝတ်အထည် ရက်လုပ်ခြင်းမှသည် ဒေသစီးပွား ဖွံ့ဖြိုးမှုဆီ**

ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# ဦးတည်ချက်နှင့်အညီ လက်တွေ့ဖော်ဆောင်

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် ရှေ့လုပ်ငန်းစဉ်၊ ရည်မှန်းချက်၊ မူဝါဒ၊ ဦးတည်ချက်များနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက် ဦးတည်ချက်၊ ရှေ့လုပ်ငန်းစဉ်များပါအတိုင်း အကောင်အထည်ဖော်ခဲ့ကြသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် စီမံခန့်ခွဲမှု၊ လက်တွေ့ကျကျဆောင်ရွက်မှု၊ တက်ညီလက်ညီ အားကြိုးမာန်တက်ဆောင်ရွက်မှုတို့အပေါ်တွင်မူတည်၍ ရလဒ်အမျိုးမျိုးပေါ်ထွက်ခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ဆောင်ရွက်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့အပေါ်တွင် အောင်မြင်မှုအတိုင်းအတာကို လေ့လာသုံးသပ်ကြည့်နိုင်သည်။ နိုင်ငံ့တာဝန် စတင်ထမ်းဆောင်ချိန်မှစ၍ အကောင်အထည်ဖော်ခဲ့သည့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ လက်ငင်းအကျိုးစီးပွားများကို အလေးထား၍ နိုင်ငံတော်ရှေ့ခရီး တိုးတက်ဖြောင့်ဖြူးလာအောင် ချမှတ်ထားခြင်းဖြစ်သည်။ မှန်ကန်သောစေတနာနှင့် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောကြောင့် နိုင်ငံ့တာဝန်ယူခဲ့သည့် နှစ်နှစ်တာကာလအတွင်း တိုးတက်မှုများ အတိုင်းအတာတစ်ခုအထိ ရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

“နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေချိန်၌ အဖျက်လုပ်ငန်းများ ဆောင်ရွက်နေသူများလည်းရှိကြောင်း၊ တစ်ဖက်မှ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ယိမ်းယိုင်မှုမရှိစေရေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်များနှင့်အညီ ကဏ္ဍပေါင်းစုံ၌ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်း၌ အကြမ်းဖက်အဖျက်သမားများ၊ ပြည်ပမှ ဖိအားပေးပိတ်ဆို့မှုများ၊ ဘဏ်များပြိုလဲစေရန် ထိုးနှက်တိုက်ခိုက်မှုများ စသည်ဖြင့် အဘက်ဘက်၌ အနှောင့်အယှက်အန္တရာယ်များရှိခဲ့ရာ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ နိုင်ငံ့စီးပွားထိခိုက်မှုမရှိစေရေး၊ ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့ကို အလေးထားထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံ့တာဝန်မယူမီကာလအတွင်းက နိုင်ငံ့စီးပွားရေးမှာ အနုတ် ၅ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်ယူချိန်မှစတင်၍ ပိတ်ဆို့နှောင့်ယှက်မှုများကြားမှ နိုင်ငံ့စီးပွားရေးကို အတိုင်းအတာတစ်ခုအထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

အများအမြင်တွင် နိုင်ငံရေး၊ စီးပွားရေး ပြိုလဲတော့မယောင် ထင်ယောင်ထင်မှားသုံးသပ်ခဲ့ကြသော်လည်း လက်တွေ့တွင် ထင်မြင်ထားသလိုမဟုတ်ဘဲ တိုးတက်ဖြစ်ထွန်းမှုများ အတိုင်းအတာတစ်ခုအထိ ရရှိလာခြင်းသည် နိုင်ငံတော်အစိုးရက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များနှင့်အညီ လက်တွေ့အကောင်အထည်ဖော်နိုင်မှု၊ တက်ညီလက်ညီ ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်မှုများကြောင့်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာသောကြောင့် နိုင်ငံ့စီးပွားရေး အပေါင်းလက္ခဏာဆောင်လာခြင်းဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေးအရ ပြည်ပမှ ထိုးနှက်မှုများကို ကျော်လွှားနေချိန်တွင် ပြည်တွင်းမှ ဝိသမလောဘသားအချို့၏ ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဖြစ်ပေါ်ခဲ့ရာ စနစ်တကျ စီမံခန့်ခွဲမှုနှင့် အရေးယူဆောင်ရွက်နိုင်မှုတို့ကြောင့် ယခုအခါ ကုန်ဈေးနှုန်းများ ပြန်လည်တည်ငြိမ်လာပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် လက်ရှိအခြေအနေတွင် အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်မှုများကြောင့် စိုးရိမ်ဖွယ်ရာအနေအထားများ ရှိမည်ဖြစ်သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွား၊ နိုင်ငံတော်၏ ပိုမိုကောင်းမွန်သောအနာဂတ်အတွက် ဆီလျော်ကိုက်ညီမည့် ရှေ့လုပ်ငန်းစဉ်များနှင့်ဦးတည်ချက်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သဖြင့် တိုးတက်မှုရလဒ်များ ဆောင်ကြဉ်းလာနိုင်ခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ လက်တွေ့ဆောင်ရွက်နိုင်မှုများကိုသိမြင်ပြီး ရှေ့ဆက်၍ အတူလက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်နှင့်အညီ မဖြစ်မနေကြိုးပမ်းဆောင်ရွက်ခဲ့သောကြောင့် တိုးတက်အောင်မြင်မှုများရရှိလာပြီဖြစ်ရာ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီဆောင်ရွက်ကြပြီး နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိအောင် ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

## ဦးတင်မောင်ဆွေအား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်မောင်ဆွေအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲတို့ ဆက်ကပ်လှူဒါန်း

ဘားအံ စက်တင်ဘာ ၁၀

နယ်စပ်ရေးရာ ဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ဆရာတော်၊သံဃာတော်များ၊ရှင်သာမဏေများနှင့် သီလရှင်များ ဆွမ်းကိစ္စခက်ခဲပင်ပန်းမှုမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေးလျက်ရှိရာ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီခန့်က နယ်စပ်ရေးရာဝန်ကြီးဌာန လှိုင်းဘွဲမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသန်းချစ်နှင့် ဝန်ထမ်းများသည် လှိုင်းဘွဲမြို့နယ် ကမော့ကချူးကျေးရွာ ရေမင်းသာယာဘုန်းတော်ကြီးကျောင်းအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။




မြို့နယ်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့ အမှတ်(၂၂) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးထွန်းထွန်းဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် မူဆယ်မြို့ မဟာသန္တိသုခ ရပ်တော်မူဘုရားရင်ပြင်တော် သန့်ရှင်းရေးနှင့် နဝကမ္မလှူဒါန်းခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

စက်တင်ဘာ ၉ ရက်က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

လှမိုး(ပြန်/ဆက်)



သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

GMail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်စေရေး အခြေခံအချက်များဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း စသည်များကို စနစ်တကျဖြင့် ဆောင်ရွက်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက ရှင်းလင်းတင်ပြစဉ်။

❒ ရှေ့ဖုံးမှ

ဦးစွာ ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက ကုန်းမြင့်(၁) စိုက်ပျိုးမွေးမြူရေးစခန်း၌ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ နေဗီယာမြက်၊ မုံပါးစားမြက်နှင့် တစ်သျှူးငှက်ပျောတို့ကို စိုက်ပျိုးထားရှိမှု၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှု၊ ဖရီရှန်နို့စားနွား၊ ဘရာမင် အသားစားနွား၊ ဒေသနွား(နွားပြာစိမ်း)၊ ဆိတ်၊ DYL ဝက်နှင့် ငါး၊ ဥစားကြက်နှင့် အသားစားကြက်များ မွေးမြူဆောင်ရွက်လျက်ရှိမှု၊ တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အသား၊ ငါး၊ နို့နှင့် ဥများကို တပ်မတော်သား မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ တိုင်းစစ်ဌာနချုပ် တိရစ္ဆာန် အစာစပ်လုပ်ငန်းမှ ကြက်စာနှင့် ဝက်စာများထုတ်လုပ်လျက်ရှိမှုနှင့် ပိုလျှံသည်များကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁) စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း DYL ဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိုးစပါးစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို စိုက်ပျိုးရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်စေရေး အခြေခံအချက်များဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း စသည်များကို စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို တပ်ရင်းတပ်ဖွဲ့များနှင့် ပိုလျှံပါက ဒေသအတွင်း၌ပါ စိုက်ပျိုးနိုင်ရေး ဖြန့်ဝေပေးရန်လိုကြောင်း၊ နေကြာစိုက်ပျိုးမှုကိုလည်း စနစ်တကျစိုက်ပျိုး၍ အထွက်နှုန်းများ ယခုထက် တိုးတက်အောင် ဆောင်ရွက်ရန်လိုပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် စံပြအဖြစ် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်သျှူးငှက်ပျောများကို တပ်ရင်းတပ်ဖွဲ့များ၌သာမက ဒေသဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပါ စိုက်ပျိုးနိုင်ရန်အတွက် တစ်သျှူးငှက်ပျောမျိုးများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချဆောင်ရွက်ပေးရန်လိုကြောင်း။

မွေးမြူရေးနှင့် ပတ်သက်၍ နို့စားနွား၊ အသားစားနွား၊ ဒေသနွား၊ DYL ဝက်၊ ဥစားကြက်၊ အသားစားကြက်နှင့် ငါးများကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင် မွေးမြူရန်လိုကြောင်း၊ ထွက်ရှိလာသည့် အသား၊ ငါးနှင့် ဥများကို တပ်မတော်သား မိသားစုဝင်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသကဲ့သို့ ပိုလျှံသည့် အသား၊ ငါးနှင့် ဥများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုကို ရောင်းချပေးခြင်းဖြင့် ကုန်ဈေးနှုန်းမြင့်တက်မှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ် အစာစပ်လုပ်ငန်းများမှ ထွက်ရှိသည့်တိရစ္ဆာန်အစာများကိုလည်း ပိုလျှံမှုများရှိပါက ဒေသခံမွေးမြူရေးလုပ်ငန်းများသို့ရောင်းချပေးရန်လိုကြောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ ဒေသတွင်း၌ စံပြဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နို့စားနွား၊ အသားစားနွားနှင့် ဒေသနွားများ မွေးမြူထားရှိမှု၊ DYL ဝက်များ မွေးမြူထားရှိမှုနှင့် တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

- ❖ **အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို တပ်ရင်းတပ်ဖွဲ့များနှင့် ပိုလျှံပါက ဒေသအတွင်း၌ပါ စိုက်ပျိုးနိုင်ရေး ဖြန့်ဝေပေး**
- ❖ **နေကြာစိုက်ပျိုးမှုကိုလည်း စနစ်တကျစိုက်ပျိုး၍ အထွက်နှုန်းများ ယခုထက်တိုးတက်အောင် ဆောင်ရွက်ရန်လိုပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် စံပြအဖြစ် အောင်မြင်အောင်ဆောင်ရွက်**
- ❖ **တစ်သျှူးငှက်ပျောများကို တပ်ရင်းတပ်ဖွဲ့များ၌သာမက ဒေသဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပါ စိုက်ပျိုးနိုင်ရန်အတွက် တစ်သျှူးငှက်ပျောမျိုးများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချဆောင်ရွက်**
- ❖ **နို့စားနွား၊ အသားစားနွား၊ ဒေသနွား၊ DYL ဝက်၊ ဥစားကြက်၊ အသားစားကြက်နှင့် ငါးများကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင်မွေးမြူ**
- ❖ **ထွက်ရှိလာသည့် အသား၊ ငါးနှင့် ဥများကို တပ်မတော်သား မိသားစုဝင်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသကဲ့သို့ ပိုလျှံသည့် အသား၊ ငါးနှင့် ဥများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုကို ရောင်းချပေးခြင်းဖြင့် ကုန်ဈေးနှုန်းမြင့်တက်မှုကို အထိုက်အလျောက် လျှော့ချနိုင်မည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတို့နှင့် လက်တွဲကြိုးပမ်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရတနာခန်းမ၌ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ နယ်ခြားစောင့်တပ်ဖွဲ့ ကြီးကြပ်ရေးခေါင်းဆောင် ဗိုလ်မှူးကြီးဝေဆန်း (အငြိမ်းစား)၊ နမ့်ခမ်းမြို့မ ပြည်သူ့စစ်ခေါင်းဆောင်ဦးအိုက်ဆမ်၊ ပန်ဆေးပြည်သူ့စစ်ခေါင်းဆောင် ဦးကျော်မြင့်၊ မန်ပန်ပြည်သူ့စစ် ခေါင်းဆောင်ဦးစိုင်းမွန်း၊ စိန်ကြော့ပြည်သူ့စစ်ခေါင်းဆောင် ဦးလွယ်မောင်၊ မုံးစီးပြည်သူ့စစ်ခေါင်းဆောင် ဦးစိုင်းမွန်းနှင့် ထင်ပါကျိုင်းပြည်သူ့စစ်ခေါင်းဆောင် ဦးခင်မောင်လွင်တို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသသည် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိပြီး ပို့ကုန်၊ သွင်းကုန်များကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ကုန်သွယ်ရေး ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံရေး၊ စီးပွားရေးအရ အရေးကြီးသော ဒေသဖြစ်ကြောင်း၊ ဒေသတွင်းထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့များများ တင်ပို့နိုင်ရန်အတွက် ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန်နှင့် အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများ ဖြစ်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေလိုပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်းရှိ ပြည်သူများသည် ငြိမ်းချမ်းစွာနေထိုင် လုပ်ကိုင်လိုသည့်စိတ်ရှိကြကြောင်း၊ ထို့ကြောင့် မိမိတို့နယ်မြေအလိုက် ဒေသခံပြည်သူများကို မိမိတို့နှင့် တစ်သားတည်းဖြစ်အောင် လုပ်ဆောင်ကြရန်လိုပြီး ငြိမ်းချမ်းလိုသော စိတ်အရင်းခံဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ ဝိုင်းဝန်း ဆောင်ရွက်ကြရန် လိုကြောင်း။

မိမိတို့နိုင်ငံ၌ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသ၌ ယခင်က တရုတ်ဖြူ (ကူမင်တန်) ကျူးကျော်မှုများ ရှိခဲ့ပြီး ၎င်းတို့ ပြန်လည်ဆုတ်ခွာချိန်တွင် လက်နက်ကိုင်သောင်းကျန်းမှုများ ကျန်ရှိနေခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) များမှ ဖြစ်ပေါ်ခဲ့သည့် လက်နက် ကိုင်ဆောင်သည့် ပြဿနာများသည် ယခုအချိန်အထိ ကျန်ရှိနေသေးကြောင်း။

ပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်ကို လုံခြုံရေးအရ အင်အားဖြည့်ပေးနေသည့် **အင်အားစုတစ်ရပ်ပင် ဖြစ်ပြီး နိုင်ငံချစ်စိတ်ဖြင့် နယ်မြေတည်ငြိမ်အေးချမ်းအောင် တာဝန်သိစိတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့၏ နယ်မြေတည်ငြိမ်အေးချမ်းမှု ရှိစေရေးဆောင်ရွက်နေသည့်အဖွဲ့များ ဖြစ်သည့်အတွက်လေးစားအသိအမှတ်ပြုပါကြောင်း၊** လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရခြင်းကို ကြည့်မည်ဆိုပါက နိုင်ငံရေးအရ သဘောထား ကွဲလွဲမှုများ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ စသည်တို့ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

**☆ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်ကို လုံခြုံရေးအရ အင်အားဖြည့်ပေးနေသည့် အင်အားစုတစ်ရပ်ပင်ဖြစ်ပြီး နိုင်ငံချစ်စိတ်ဖြင့် နယ်မြေတည်ငြိမ်အေးချမ်းအောင် တာဝန်သိစိတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများဖြစ်**

**☆ မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့၏ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်နေသည့်အဖွဲ့များ ဖြစ်သည့်အတွက် လေးစားအသိအမှတ်ပြု**

**☆ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်လာနိုင်ရေး ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ကြရန်လို**

**သဘောထားကွဲလွဲမှုများ**

နိုင်ငံရေးအရသဘောထားကွဲလွဲမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း နိုင်ငံရေး အယူဝါဒများနှင့် ပတ်သက်ပြီး ခေတ်အဆက်ဆက် သဘောထားကွဲလွဲမှုများ ရှိခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံရေးအယူဝါဒနှင့် ပတ်သက်၍ ဖြေလျှော့လာခဲ့ကြောင်း၊ တိုင်းရင်းသားရေးအရ ဖြစ်ပေါ်လာသည့် လက်နက်ကိုင် ပဋိပက္ခများသည် နယ်ချဲ့များ ထားရှိခဲ့သည့် ဆိုးမွေတစ်ခုဟု ပြောနိုင်ကြောင်း၊ တိုင်းရင်းသားရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့နှင့် ပတ်သက်၍ ခွဲဝေပေးထားပြီးဖြစ်သဖြင့် တိုင်းရင်းသားရေးနှင့် ပတ်သက်၍ ခွဲခြားမှုမရှိသည်ကို တွေ့မြင်နိုင်ကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင်လည်း အတိအကျပြဋ္ဌာန်းထားရှိပြီးဖြစ်သဖြင့် ဘာသာရေးကို အကြောင်းပြု၍ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော် လမ်းကြောင်းပေါ်သို့ အားလုံး ပါဝင်ရောက်ရှိလာရန်နှင့် မိမိတို့၏ လိုလားချက်များနှင့် အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တင်ပြတောင်းဆိုကြရန် လိုကြောင်း။

ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ် အုပ်ချုပ်ရေး ဆောင်ရွက်ရာတွင် ဒေသကိုအခြေခံသည့် ဖက်ဒရယ် စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ **ဖက်ဒရယ်စနစ်တွင် တိုင်းရင်းသားကို အခြေခံသည့် ဖက်ဒရယ်နှင့် ဒေသကိုအခြေခံသည့် ဖက်ဒရယ်ဟူ၍ရှိပြီး ကမ္ဘာ့နိုင်ငံအများစုတွင် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသည်ကိုတွေ့ရှိ**ရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်သည်သာလျှင် အသင့်တော်ဆုံးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး ဆွေးနွေးမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် တိုင်းရင်းသားတို့၏ အရေးကိုသာ တောင်းဆိုလျက်ရှိပြီး ဒေသအရေးကိုတောင်းဆိုမှုအားနည်းကြောင်း၊ လူတစ်စုကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများ ဖြစ်၍မရဘဲ ဒေသကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများ ဖြစ်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ အနေဖြင့် မိမိတို့နယ်မြေ ဒေသအလိုက် တည်ငြိမ် အေးချမ်းရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်လာနိုင်ရေး ဝိုင်းဝန်း တိုက်တွန်း ဆောင်ရွက်ကြရန်လို**ကြောင်း။

**ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ**

ယနေ့ တွေ့ဆုံမှုသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးနိုင်ရန်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်မှုမှာ နှစ်နှစ်ကျော်ကာလသို့ ရောက်ရှိပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် လူပုဂ္ဂိုလ်ဦးစားပေး၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံအတွက် မဖြစ်သင့်သည့် ကိစ္စရပ်များဖြစ်ပေါ်ခဲ့ကြောင်း၊ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းတွင် နိုင်ငံ၏ အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာများတွင် ပြည်ပနိုင်ငံများ၏ အကြံဉာဏ်များကိုခံယူ၍ ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ပြည်ပနိုင်ငံများ၏ ဩဇာအောက်သို့ မသိမသာ ရောက်ရှိနေခြင်းသည် တစ်နည်းအားဖြင့် မိမိတို့နိုင်ငံ၏

စာမျက်နှာ ၅ သို့ ○





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်လာကြသည့် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဓမ္မလက်ဆောင်အဖြစ်နှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

○ စာမျက်နှာ ၄ မှ

လွတ်လပ်ရေးကို ဆုံးရှုံးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ သဟဇာတဖြစ်နေရန် လိုအပ်သော်လည်း သြဇာခံဖြစ်၍မရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုကာ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလျက်ရှိကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများနှင့်လည်း သဟဇာတဖြစ်သည့်ဆက်ဆံမှုရှိရန်လိုပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ဥပဒေများကို လေးစားရန်လိုသကဲ့သို့ မိမိတို့နိုင်ငံ၏ မတည်ဆဲဥပဒေကို လိုက်နာရန်နှင့် တန်ဖိုးထားရန်လိုကြောင်း။

**ဒီမိုကရေစီနည်းလမ်းဖြင့်သာ ဆောင်ရွက်**

ဒေသတွင်းရှိ ပြည်သူလူထုမှ အစပြု၍ အုပ်ချုပ်သူများအထိ တစ်သမတ်တည်းသော တူညီသည့် သဘောထားရှိရန်လိုပြီး မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်သင့် ဖြစ်ထိုက်သည်များကို အတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့် ဒေသခံများ၏ အကျိုးစီးပွားအတွက် လိုလားချက်နှင့် တောင်းဆိုချက်များကို ဒီမိုကရေစီ နည်းလမ်းဖြင့်သာ ဆောင်ရွက်သွားရန် လိုကြောင်း၊ **ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးထားသည့် လမ်း၊ တံတား၊ အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးခြင်း၊ လူသားအရင်းအမြစ် ကောင်းများ ပေါ်ထွန်းနိုင်ရေးကို အနှောင့်အယှက်များ ဖြစ်ပေါ်စေခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဒေသကိုထိခိုက်နစ်နာစေ**ကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ပဋိပက္ခများဖြစ်ပေါ်နေသည့် ဒေသရှိ ပြည်သူများ၏ ပညာသင်ကြားရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေလျက်ရှိကြောင်း၊ **တည်ငြိမ်အေးချမ်းမှုရှိသည့် နယ်မြေနှင့် တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေတို့ နှိုင်းယှဉ်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့်နယ်မြေတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ များစွာ ကွာဟသွားသည်ကို တွေ့ရ**ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအခွင့်အလမ်းများကိုပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း။

**လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေး ဝိုင်းဝန်းဆောင်ရွက်**

မိမိတို့ နယ်မြေအလိုက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက် မဲစာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ယခုအခါ လူဦးရေစာရင်းများ ကြိုတင်ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **“ရှေ့သို့ ချီမည် ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal) ဟူသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**ကြောင်း။

နိုင်ငံ့စီးပွား တိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ထုတ်ကုန်များထုတ်လုပ်ရာတွင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို အသုံးချ၍ စက်မှုထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဒေသတွင်း၌ စက်မှုကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဒေသအတွင်းရှိ ပြည်သူများအနေဖြင့် ဦးစားပေးဆောင်ရွက်ကြစေလိုပြီး ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏အကျိုးကို ရေရှည်မြော်တွေး၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး လားရှိုးလေယာဉ်ကွင်းကို ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည်အထိ အဆင့်မြှင့်တင်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့စေရေးနှင့် လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာစေရေးအတွက် မီးရထားလမ်းများ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကားလမ်းများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသတွင်းမှ ထွက်ရှိသည့် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် ကုန်ကြမ်းပစ္စည်းများအဖြစ် အသုံးပြုခြင်းထက် တန်ဖိုးမြှင့် ကုန်ချောထုတ်ကုန်များကို ထုတ်လုပ်ရောင်းချနိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသတွင် ကော်ဖီ၊ လက်ဖက်၊ ပြောင်း၊ နေကြာများကို များစွာစိုက်ပျိုးကြပြီး အဆိုပါထွက်ကုန်များဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ကြောင်း၊ အလားတူ စားရေးအတွက် လိုအပ်သည့် မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်ကြောင်း၊ ထို့ကြောင့် လားရှိုးဒေသတွင် စက်မှုဇုန်နှင့် မွေးမြူရေးဇုန် တည်ထောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**အတူတကွလက်တွဲ**

**ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအနေဖြင့်လည်း မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတို့နှင့် အတူတကွ လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လို**ကြောင်း၊ ဒေသနှင့် ဒေသခံများ၏ အကျိုး၊ နိုင်ငံတော်အကျိုးကို ကြည့်၍ မိမိတို့တတ်နိုင်သည့် ဘက်မှ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဒေသအလိုက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူ့စစ်ခေါင်းဆောင်များက ဒေသတွင်း၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အဖျက်အမှောင့် လုပ်ရပ်များကြောင့် အချို့ဒေသခံများအနေဖြင့် ဒေသစွန့်ခွာ တိမ်းရှောင်နေရမှုများ၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်နိုင်ရေး နိုင်ငံတော်မှ ပံ့ပိုးကူညီပေးစေလိုမှု၊ ဒေသထုတ်ကုန်များ ပြည်ပသို့ တင်ပို့ရာတွင် လွယ်ကူချောမွေ့စေရေး ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေအလိုက် ပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မုန်းဝန်းဗမာတိုင်းရင်းသားများ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးသီးနှံများနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိမှုနှင့် လိုအပ်သည်များကို ဆက်လက် ကူညီဆောင်ရွက်ပေးစေလိုမှုတို့နှင့် ပတ်သက်၍ တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် ပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဓမ္မလက်ဆောင်အဖြစ်နှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ အသီးသီး လက်ခံရယူခဲ့ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ပေးထားသည့် လမ်း၊ တံတား၊ အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးခြင်း၊ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းနိုင်ရေးကို အနှောင့်အယှက်များဖြစ်ပေါ်စေခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဒေသကိုထိခိုက်နစ်နာစေ**

☆ **တည်ငြိမ်အေးချမ်းမှုရှိသည့် နယ်မြေနှင့် တည်ငြိမ်အေးချမ်းမှုမရှိသည့်နယ်မြေတို့ နှိုင်းယှဉ်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့်နယ်မြေတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ များစွာကွာဟသွားသည်ကိုတွေ့ရ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ပုညနန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုနှုတ်ဆက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ လုမ္ဗိနီအင်ကြင်းပင်ကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်မှ စာသင်သား သံဃာတော်များနှင့် သာမဏေများအား နေ့ဆွမ်းလောင်းလှူခဲ့ကြပြီး သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**ဓမ္မလက်ဆောင်များပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်က ဓမ္မလက်ဆောင်များပေးအပ်ခဲ့ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးထံမှ ဩဝါဒများကို နာယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ပုညနန္ဒထံ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ် ဆက်ကပ်လှူဒါန်းစဉ်။



**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ပုညနန္ဒ အမှူးပြုသည့် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်မှ စာသင်သား သံဃာတော်များနှင့် သာမဏေများအား နေ့ဆွမ်းလောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ လုမ္ဗိနီအင်ကြင်းပင်ကို အမှတ်တရစိုက်ပျိုးပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင် လှိုင်းဘွဲမြို့နှင့် ထီလုံကျေးရွာတို့၌ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ





**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့သည် ယနေ့နံနက်ပိုင်းက လှိုင်းဘွဲမြို့နှင့် ထီလုံကျေးရွာသို့ သွားရောက်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ၌ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံရေးဖြစ်စဉ်ပြောင်းလဲဖြစ်ပေါ်လာပုံအဆင့်ဆင့်၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေးကို မျှော်မှန်းသည့် ဆန္ဒသဘောထားများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များက ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆန္ဒသဘောထားများကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဒုံးအကဖြင့် သီဆိုကပြဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာသော မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်၊ ကရင်ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လှိုင်းဘွဲမြို့နယ် ထီလုံစံပြကျေးရွာ ထီလုံအနောက်ကျောင်းတိုက်သို့ ရောက်ရှိပြီး ထီလုံအနောက် ကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် လှိုင်းဘွဲမြို့နယ် ထီလုံအနောက်ကျောင်းတိုက် အာဟာရသုခမ္မာရုံ၌ ပအိုဝ်းတိုင်းရင်းသားများနှင့် တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ပအိုဝ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းလျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းသာမိပါကြောင်း၊ ဆက်လက်၍လည်း ပအိုဝ်းယဉ်ကျေးမှုကို ထိန်းသိမ်းသွားစေလိုပြီး ပအိုဝ်းတိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံအကျိုး၊ ဒေသအကျိုးသယ်ပိုး ဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် ယနေ့နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသော ငြိမ်းချမ်းရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် လှိုင်းဘွဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ပအိုဝ်း တိုင်းရင်းသားပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက် ရှင်းလင်းတင်ပြကြပြီး လိုအပ်ချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့သည် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ တောင်ကလေး ပရိယတ္တိ၊ ပဋိပတ္တိသာသနာ့ အေးရိပ်သာ နာယကချုပ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တပညာသာမိ (တောမှီရဟန်း) အရှင်သူမြတ်အား သွားရောက် ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး ဆွမ်းဆန်တော်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာန၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၀**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာန၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်ကို တရုတ်ကွန်မြူနစ်ပါတီက တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်မူဝါဒ၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၊ ပါတီတည်ထောင်မှုဆိုင်ရာ အတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးသွားရန် ရည်ရွယ်၍ ဖိတ်ကြားထားခြင်းဖြစ်ပြီး တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ကွန်မြူနစ်ပါတီက ဆောင်ရွက်လျက်ရှိသော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆောင်ရွက်ပုံနည်းလမ်းများ၊ ပါတီတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်မည်ဖြစ်၍ လေ့လာရေးခရီးစဉ်သည် စက်တင်ဘာ ၁၀ ရက်မှ ၁၆ အထိကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၊ အိုးသည်ကုန်းတိုက်နယ်ဆေးရုံ၊ အေးမြသာယာတိုက်နယ်ဆေးရုံနှင့် ကိုင်းကြီးတိုက်နယ်ဆေးရုံတို့၌ စက်တင်ဘာ ၉ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်စဉ်။ အောင်သူ(ပြန်/ဆက်)



# ဘားအံ၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဘားအံ စက်တင်ဘာ ၁၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ကရင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ဘားအံမြို့နယ် တောင်ကလေးအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက လူငယ်စကားဝိုင်းကို ဇာတိမာန်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဘားအံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အထက(တောင်ကလေး)မှ ကျောင်းသား ကျောင်းသူများက လူငယ်၊ အားကစားနှင့် ကျန်းမာရေး၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့ရှိ ဘာသာရေးအသင်းအဖွဲ့ ခေါင်းဆောင်များနှင့်တွေ့ဆုံ၊ ပရဟိတဂေဟာ(အံတော်ရှင်)မှ ကျောင်းသားများအား ထောက်ပံ့

**မြစ်ကြီးနား စက်တင်ဘာ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်ရှိ စိန်ကိုလန်ဘန်ကသီဒြယ် ကက်သလစ်အသင်းတော်ဘုရားကျောင်း၌ ခရစ်ယာန်အသင်းတော် အသီးသီးမှ ဘုန်းတော်ကြီးများ၊ သိက္ခာတော်ရ ဆရာများနှင့် တွေ့ဆုံသည်။(ယာပုံ)



**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးရရှိရေးအပြင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းနှင့် သာသနာရေးဆိုင်ရာလိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံးနှင့် အကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိန်ကိုလန်ဘန် ကက်သလစ်အသင်းတော်၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ(MCC)၊ စီတာပူနှစ်ခြင်း အသင်းတော်၊ လော်ဝေါ်နှစ်ခြင်း အသင်းတော်၊ လီဆူနှစ်ခြင်း အသင်းတော်၊ လွတ်လပ်သော တိုင်းရင်းခရစ်ယာန်အသင်းတော်နှင့် ခရစ်တော်၏ တပည့်တော်များ အသင်းတော်တို့အတွက် အလှူငွေများနှင့် လက်ဆောင်ခြင်းများ ပေးအပ်လှူဒါန်းကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပထမဆုရ YFT FC အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

**ဆက်ကပ်လှူဒါန်း**

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် တောင်တန်းသာသနာပြုအံတော်ရှင် ကျောင်းတိုက်၌ မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေတုမာလာ အမှူးပြုသောဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေနှင့် ဆန် ၂၇ အိတ်၊ ဆီ ၁၀ ပုံးတို့ကို ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက် အဆိုပါကျောင်းတိုက်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပရဟိတဂေဟာ (အံတော်ရှင်)က စောင့်ရှောက်ထားသော ကျောင်းသား ကျောင်းသူများ၊ ကလေးငယ်များနှင့် တွေ့ဆုံပြီး ကျောင်းသားကလေးငယ် ၃၄ ဦးတို့အတွက် ဆန်ဖိုးငွေ၊ စားစရိတ်အပြင် ဂေဟာမှုးလစာတို့အတွက် စုစုပေါင်းငွေကျပ် ၅၃၅၈၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်အတွင်းရှိ ဖူဆယ် ကလပ်ပေါင်း ၃၄ သင်း ပါဝင်ယှဉ်ပြိုင်သည့် အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် YFT FC ကလပ်အသင်းနှင့် နောင်ရာ FC ကလပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပြိုင်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အကအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဖူဆယ်ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီခဲ့ကြသူများနှင့် အသင်းအဖွဲ့များအတွက် အမှတ်တရ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊အကောင်းဆုံးအတိုးတက်ဆုံး ကစားသမားဆုနှင့် ဂိုးသမားအကောင်းဆုံးဆုများ၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာက ပွဲစဉ်တစ်လျှောက် အသန့်ရှင်းဆုံးဘောလုံးအသင်းဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒုတိယဆုရ နောင်ရာ FC အသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပထမဆုရ YFT FC အသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ နှင့် တံခွန်စိုက် ဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲကို ပြည်နယ်၏ ဖူဆယ်အားကစားတိုးတက်မြင့်မားလာစေရေးနှင့် လူငယ်ကစားသမားများ ပေါ်ထွန်းလာရေးအတွက် ရည်ရွယ်၍ YFT FC ဖူဆယ်အသင်းသစ် မိတ်ဆက်ပွဲနှင့် အမျိုးသားအလွတ်တန်း ဖူဆယ်ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၁ ရက်မှ အသင်းပေါင်း ၃၄ သင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အခွန်လျာထားချက်ပြည့်မီအောင်ကောက်ခံနိုင်ရေး မှာကြား

**နေပြည်တော် စက်တင်ဘာ ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ရုံး၌ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် အခြေပြုတာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နှစ်အလိုက် စီမံကိန်းများကို လျာထားချက်အလိုက် ပြည့်မီအောင် အကောင်အထည်ဖော်ရေး၊ စာရင်းအင်းအချက်အလက် ပြုစုကောက်ယူမှုများတွင် တိကျမှန်ကန်မှုရှိစေရေး၊ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အခွန်လျာထားချက် ပြည့်မီအောင် ကောက်ခံနိုင်ရေး၊ အခွန်ထမ်းပြည်သူများ အခွန်ဆိုင်ရာဗဟုသုတများ သိရှိနားလည်ပြီး လိုလားစွာ အခွန်ထမ်းဆောင်ကြစေရေးအတွက် အသိပညာပေးဆောင်ရွက်ရေး၊ ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်သည့် အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဂရုပြုဆောင်ရွက်ကြစေရေး၊ အခြားသောဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာ တာဝန်များ ထမ်းဆောင်ကြစေရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ယာယီအမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ယာယီအမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ယာယီအမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပြီး နိုင်ငံတော်သံစုံတီးဝိုင်းမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားကာ ရိုက်ကူးရေးလုပ်ငန်းများအား ကြည့်ရှုအားပေးသည်။

**သံစုံတီးဝိုင်းအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြင်ပအနုပညာရှင်များနှင့် ပေါင်းစပ်၍ အဆင့်မီစွာ ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ရေး၊ ဝတ်စုံသစ်များ စနစ်တကျချုပ်လုပ်ဝတ်ဆင်ရေး၊ အသံနှင့် မီးပိုင်းဆိုင်ရာအပြင် သီချင်းနှင့် လိုက်ဖက်သည့် Video Clip ပြသရိုက်ကူးရေး၊ သတင်းထုတ်ပြန်နိုင်ရန်အပြင် မှတ်တမ်းရိုက်ကူးရေးတို့ကို အသေးစိတ်မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ယာယီအမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ယာယီအမှုဆောင်အဖွဲ့အနေဖြင့် ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဖွဲ့စည်းဆောင်ရွက်ခဲ့မှုနှင့် အနာဂတ်ကာလတွင် ဆောင်ရွက်မည့်အစီအမံများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူ့အတွက် အနုပညာစွမ်းအားဖြင့် တတ်စွမ်းသမျှပါဝင်ဆောင်ရွက်ရေး၊ အနုပညာရှင်များအနေဖြင့် အနုပညာအလုပ်များကို လွတ်လပ်ပျော်ရွှင်စွာဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရေး၊ လာမည့်ကာလတွင် ဂီတအစည်းအရုံး(ဗဟို)၏ ဦးဆောင်မှုဖြင့် ဂီတဖျော်ဖြေပွဲများကို ပိုမိုကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ယာယီအမှုဆောင်အဖွဲ့သစ်တွင် လူငယ်အနုပညာရှင်များလည်း ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ယာယီအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တက်ရောက်လာသူများက ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ လူငယ်အနုပညာရှင်များ အစည်းအရုံးသို့ ပါဝင်ဆောင်ရွက်လာမှုနှင့် အနာဂတ်ကာလတွင် လူငယ်အနုပညာရှင်များထဲမှ အချိန်ပေးဆောင်ရွက်နိုင်သူများကို အမှုဆောင်အဖွဲ့တွင် ပါဝင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်မှု၊ ဂီတအစည်းအရုံးအတွက် ရန်ပုံငွေရရှိနိုင်မှုနှင့် ဂီတအနုပညာရှင်များ မူပိုင်ခွင့်အရ ခံစားခွင့်ရရှိရေး ဆောင်ရွက်လိုမှုတို့ကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တာဝန်ခံကာ ဂီတအစည်းအရုံးနှင့် ဆက်သွယ်၍ ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပြီး ကူညီဆောင်ရွက်ပေးနေမှုကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က တည်ဆဲဥပဒေနှင့်အညီ မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်ရေးကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio (A)တွင် "ဘယ်သူမှန်လဲ အပြိုင်ကြဲ" အစီအစဉ်ဖြင့် သင့်လျော်သည့် ခေါင်းစဉ်များ ရွေးချယ်ကာ လူငယ်အနုပညာရှင်များဖြင့် ဆွေးနွေးပွဲရိုက်ကူးမှုကို ကြည့်ရှုအားပေးပြီး အနုပညာရှင်များနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးနှင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်တို့မှ နှလုံးရောဂါ ဆေးပညာ၊ အထွေထွေရောဂါဆေးပညာ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ၊ ဆီးနှင့်ကျောက်ကပ် ဆေးပညာ၊ ဦးနှောက်နှင့်အာရုံကြောဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့်ဟော်မုန်း ဆေးပညာ၊ သွေးရောဂါဆေးပညာ၊ အရိုးအကြောအဆစ် ဆေးပညာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ သွားရောက်၍ ပြည်သူ့ဆေးရုံကြီး မြိတ်မြို့မှ အထူးကုဆရာဝန်များနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။



အဆိုပါခရီးစဉ်အတွင်း နှလုံးရောဂါဆိုင်ရာ ၂၃၄ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၁၂၄ ဦး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆိုင်ရာ ၂၃၃ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ ၂၂ ဦး၊ ဆီးနှင့်ကျောက်ကပ်ရောဂါဆိုင်ရာ ၇၉ ဦး၊ သွေးရောဂါဆိုင်ရာ ၄၉ ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ ၁၃၉ ဦး၊ အထွေထွေရောဂါဆေးပညာဆိုင်ရာ ၁၄၄ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ ၁၈၉ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၂၁၃ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၃၈ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း (OGDS) ငါးဦး၊ ခါးရိုးဆစ်မှအရည်ဖောက်ထုတ်စမ်းသပ်စစ်ဆေးခြင်း တစ်ဦး၊ အရိုးအဆစ်အတွင်းဆေးထိုး၍ ကုသမှုပေးခြင်း နှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ၁၀ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၇၂ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၅၀၅ ဦး၊ Ultrasound ရိုက်ကူးခြင်း ၉၂ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၂၃၅ ဦး၊ သွေးချိုဓာတ် (HbA1C) တိုင်းတာခြင်း ၁၁၁ ဦးတို့ကို စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မြိတ်၊ ပုလော၊ တနင်္သာရီနှင့် ကျွန်းစုမြို့နယ်များမှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ ပါဝင်ပြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ နှစ်ဦးနှင့် နှလုံးရောဂါဆိုင်ရာလူနာ ခြောက်ဦးတို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆက်လက်ကုသမှုခံယူနိုင်စေရေး လွှဲပြောင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ပြင် အစာအိမ်အူလမ်းကြောင်းဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောဆေးပညာနှင့် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက သက်ဆိုင်ရာအတွင်းလူနာများကို ကြည့်ရှုပြီး ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသခံအထူးကု ဆရာဝန်ကြီးများနှင့် ဆွေးနွေးခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာဦးနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီး မြိတ်မြို့၌ လာရောက်ပြသကုသမှုခံယူကြသော လူနာများကို ကြည့်ရှုအားပေးပြီး နေ့လယ်စာစားသောက်ဖွယ်ရာနှင့် သောက်ရေသန့်များ လှူဒါန်းသည်။ ယင်းနောက် ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများကို ကျေးဇူးတင်စကားပြောကြားကာ ဒေသထွက်လက်ဆောင်ပေးအပ်သည်။

ညပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်သည် ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့် ညစာအတူတကွ သုံးဆောင်သည်။

အထူးကုဆေးကုသရေးအဖွဲ့များသည် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သုံးကြိမ်နှင့် ပုသိမ်မြို့၊ တောင်ကြီးမြို့၊ မကွေးမြို့၊ ပြည်မြို့နှင့် မိတ္ထီလာမြို့များသို့ သွားရောက်၍ ဆေးကုသမှုများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာအခြေခံ ခိုင်မာသောနိုင်ငံရေးအဆောက်အဦသစ်ဆီသို့ . . .

မိုးကေနိုင်

၁-၉-၂၀၂၃ ရက်နေ့က ကျင်းပခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး ( ၃/၂၀၂၃) သည် အခြေအနေအချိန်အခါအရ များစွာလေးနက်မှု ရှိခဲ့သည်ဟု ယူဆပါသည်။ ယင်းအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြားခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အမှာစကားကို လေ့လာဆန်းစစ်ကြည့်ခြင်းဖြင့် နိုင်ငံတော်၏ လက်ရှိအခြေအနေအရပ်ရပ်နှင့်တကွ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်ပြီး သွားနေသည့်လမ်းကြောင်း၊ သွားလိုသည့်ပန်းတိုင်ကို ထင်သာမြင်သာစွာတွေ့ရမည်ဖြစ်သည်။

**ထူးခြားသောလက္ခဏာများဖြင့် အပြုသဘောဆောင်ခဲ့ခြင်း**

အခြေအနေအချိန်အခါဆိုသည်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူနေသည့် လက်ရှိအရေးပေါ်ကာလသည် နှစ်နှစ်ကျော်အတွင်းချင်းနင်းခဲ့ပြီဖြစ်သလို နိုင်ငံတော်ကို ပုံမှန်လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်အောင် ကြိုးစားတည်ဆောက်နေရသည့် အခြေအနေအရပ်ရပ်အားလုံးကို ဆိုလိုသည်။ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြုလုပ်ပေးရန် ကတိကဝတ်များ ထားရှိပြီးဖြစ်သလို ရွေးကောက်ပွဲရလဒ်နှင့်အညီ တက်လာသည့်အစိုးရထံ နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးသွားမည့် တာဝန်ကြီးတစ်ရပ်ရှိနေသည့်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းဆောင်တာအားလုံး ပုံမှန်ရောက်ရှိအောင်နှင့် ပို၍ပို၍တိုးတက်လာအောင် တာဝန်ယူဆောင်ရွက်နေကြသည်မှာ အားလုံးတွေ့မြင်နေရသည့်အတိုင်းဖြစ်သည်။ ပြည်သူများအတွက် ပြည်သူ့အရေးအရာအားလုံးသည် အရေးကြီးသည်ဖြစ်၍ နယ်ပယ်အလိုက်၊ ဒေသအလိုက် မည်သို့မျှရပ်တန့်ထား၍မရဟု ခံယူထားသည်။ နယ်ပယ်ဒေသအားလုံး ညီညွတ်မျှတစွာ ဟန်ချက်ညီညီတိုးတက်လာစေရန် ရည်ရွယ်၍လည်း အားလုံးသည် ပုံမှန်လမ်းကြောင်းတွင် ရှိနေရမည်ဖြစ်သည်။ ကာလံဒေသံအရ နိုင်ငံနှင့် တစ်မျိုးသားလုံးအတွက် အရေးကြီး၊ အရေးပေါ်အခြေအနေများဖြစ်သည့်အားလျော်စွာ ယခုကျင်းပခဲ့သော အစည်းအဝေးသည် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ခြောက်လသက်တမ်း ထပ်မံတိုးပြီးမှ ပြုလုပ်ခဲ့သည့်အစည်းအဝေးဖြစ်ခြင်း၊ ကောင်စီဝင်အသစ်များဖြင့် ထပ်မံဖွဲ့စည်းပြီးပြီးချင်း ပြုလုပ်သည့် အစည်းအဝေးဖြစ်ခြင်း စသည့်လက္ခဏာရပ်များကြောင့် နိုင်ငံနှင့်ပြည်သူအတွက် များစွာ အပြုသဘောဆောင်ခဲ့သော အစည်းအဝေးတစ်ခုအဖြစ် မှတ်ချက်ပြုလိုပါသည်။

**နိုင်ငံရေးရည်မှန်းချက်ကို အခြေခံသည့် နိုင်ငံရေးရှေ့လုပ်ငန်းစဉ်**

နိုင်ငံတစ်ခု၏ အသွင်ကူးပြောင်းရေးအစီအစဉ်များဟူသည် နယ်ပယ်အားလုံးတွင် စနစ်ကျနမှု ရှိနေရပါမည်။ နယ်ပယ်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အားလုံးတွင် နိုင်ငံရေးအခြေအနေတည်ငြိမ်ရေးသည် ပို၍အရေးကြီးလှပြီး နိုင်ငံရေးအနေအထား တည်ငြိမ်နေမှသာ ကျန်စီးပွားရေး၊ လူမှုရေးအခြေအနေများ ကောင်းမွန်လာမည့်အခြေအနေဖြစ်သည်။ ထို့ကြောင့်လည်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် နိုင်ငံရေးလမ်းစဉ်များက ရှေ့ဆုံးမှ နေရာယူထားခြင်းဖြစ်သည်။ အစဉ်တစိုက်ဖြစ်သည့် နိုင်ငံရေးရည်မှန်းချက်မှာ "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေး"ပင်ဖြစ်သည်။ ဤနိုင်ငံရေးရည်မှန်းချက်ကို အခြေခံ၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပထမဦးဆုံးလုပ်ငန်းစဉ်အဖြစ် "လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်" ဟူသော နိုင်ငံရေးရှေ့လုပ်ငန်းစဉ်အသစ်တစ်ရပ်ကို ထပ်မံချမှတ်ထားပြီးဖြစ်သည်ကိုလည်း တွေ့ရသည်။

**စကားလုံးများ၏လေးနက်မှုနှင့် ဒီမိုကရေစီဖက်ဒရယ်၏အနှစ်သာရ**

ဤတွင်လေ့လာမိသည်က "စစ်မှန်စည်းကမ်းပြည့်ဝ" "ပါတီစုံဒီမိုကရေစီ" "ဒီမိုကရေစီဖက်ဒရယ်အခြေခံပြည်ထောင်စု" "လွတ်လပ်ပြီးတရားမျှတသော" ဟူသည့် စကားလုံးများ၏ လေးနက်မှု၊ ထိုထိုသောလေးနက်မှုကို ဖော်ဆောင်နိုင်မည့် အထွေထွေရွေးကောက်ပွဲ၊ ထိုရွေးကောက်ပွဲသည်လည်း ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေ အပြည့်အဝစိုးမိုးမှုရှိမှဟူသော လိုအပ်ချက်များဖြစ်သည်။ ထိုလိုအပ်ချက်များ အားလုံးကို ဖြည့်ဆည်းပေးမည့် အထက်ပါ လုပ်ငန်းစဉ်နှင့်ရည်မှန်းချက်များကို အပြည့်အဝ ဖော်ဆောင်ရမည့် တာဝန်ဝတ္တရားများကား ကြီးလေးလှသည်။ ရည်မှန်းချက်များ ပြည့်ဝရန် တာဝန်ရှိသည့်အားလျော်စွာ တာဝန်ယူ၊ တာဝန်ခံမှုများတွင် နယ်ပယ်ဒေသစုံမှ သက်ဆိုင်ပါဝင်သူအားလုံး အလေးအနက်ထား တက်တက်ကြွကြွ ပါဝင်ရန်လည်း အထူးအရေးကြီးပါသည်။ သွားမည့်အနာဂတ်ဒီမိုကရေစီလမ်းကြောင်းက အစစ်အမှန်ဖြစ်ရန် လိုအပ်နေ၍ဖြစ်သည်။ ယနေ့ခေတ်နိုင်ငံတကာနှင့် အချို့ပြည်တွင်းဒီမိုကရေစီအတုအယောင်များကြားတွင် မိမိတို့က ဒီမိုကရေစီစစ်စစ်ကိုလိုချင်လျှင် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ကိုက်ညီသင့်တော်မည့် အစစ်အမှန် ဒီမိုကရေစီကိုသာ ရွေးချယ်နိုင်စွမ်းရှိရပါမည်။ စစ်မှန်မှုကို လွတ်လပ်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲ၊ မဏ္ဍိုင်သုံးရပ်ကြား အပြန်အလှန်ထိန်းညှိစောင့်ကြည့်နိုင်မှု၊ အဆုံးအဖြတ်ပေးရာတွင် အများဆန္ဒကအရေးပါမှုနှင့်အတူ အနည်းစုဆန္ဒကိုလည်းအလေးထားမှု၊ ပွင့်လင်းမြင်သာမှု စသည့်ပေတံများဖြင့် တိုင်းတာပြီး တိုင်းတာနိုင်စွမ်းရှိမှုကို စည်းကမ်းပြည့်ဝသော နိုင်ငံသူနိုင်ငံသားများကသာ ဆောင်ရွက်နိုင်စွမ်းရှိပါသည်။ စည်းကမ်းရှိသော ပြည်သူများဖြင့်သာ စည်းကမ်းရှိသောစနစ်တစ်ခုကို ပိုင်ဆိုင်နိုင်ပါမည်။ စည်းမရှိကမ်းမရှိသူများဖြင့် မည်သို့မျှ ဒီမိုကရေစီစစ်စစ်ကို တည်ဆောက်၍မရ၊ ထိုသူတို့အတွက်ကား အတုအယောင်ဒီမိုကရေစီနှင့်သာ ထိုက်တန်သည်ဆိုသည်ကို ယနေ့အချိန်အခါမှာ အားလုံးက သတိချပ်သင့်ပါသည်။

> “သိရှိခဲ့ရသည့်သာဓကတစ်ခုကား အောင်မြင်ခဲ့သည့် ကျောင်းပြင်ပပညာရေးဖြင့် မူလတန်းပညာ KG +5 နှင့် ဆက်လက်သင်ကြားပေးနိုင်မည့် KG +9 ပညာရေးကို ထည့်သွင်းစဉ်းစားပြီး ကြိုးပမ်းဆောင်ရွက်သွားရန် လုပ်ငန်းလမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ပညာရည်မြင့်မားပြီး နိုင်ငံသားအားလုံး ပညာတတ်ရန် အစိုးရ၊ ဆရာ၊ မိဘနှင့် ကျောင်းသား စသည့်ထောက်တိုင်လေးခု ပူးပေါင်းဆောင်ရွက်လျှင် မုချအောင်မြင်မည်ဟု ယုံကြည်ပါသည်။ ထို့အပြင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ခုကို စည်းကမ်းရှိသောနိုင်ငံသားများဖြင့် တည်ဆောက်မည်ဆိုလျှင် မှန်ကန်သောဒီမိုကရေစီကျင့်စဉ်များကို အခြေခံပညာကျောင်းများမှ စတင်အခြေပြု လေ့ကျင့်သင်ကြားပေးသင့်သည်ဟုလည်း ထင်မြင်မိ”

ပြည်သူအားလုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီအနှစ်သာရတစ်ခုကား ယခုကာလများမှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပေးထားပြီးဖြစ်သော ပေးထားချက်တစ်ခုဖြစ်နေသည်ကို သတိထားမိပါသည်။ ပါတီစုံစနစ်နှင့်အညီ ပါတီအစုံအစုံက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်နေကြပြီဖြစ်သည်။ ပါတီစုံစနစ်နှင့်အတူ ဒီမိုကရေစီနှင့်ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်များကိုလည်း ခွဲခြားမြင်၍မသင့်။ ထို့အတူ နိုင်ငံတော်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများကိုသာအခြေခံသည့် ပြည်ထောင်စုကြီးဖြစ်သည့်အတွက် လူမျိုးကို အခြေခံသည့် ဖက်ဒရယ်စနစ်မဟုတ်ဘဲ ဒေသကိုအခြေခံသည့်ဖက်ဒရယ်စနစ်ကိုသာ ဆောင်ရွက်သွားမည်ဖြစ်သည်ဆိုသောအချက်ကို အလေးအနက်ထားရပါမည်။

**အဓိကကျသည်က အသိအတတ်ပညာရှင်များဖြစ်ရန်သာ**

အထက်ပါလုပ်ငန်းလမ်းစဉ်များ၏ လေးနက်မှု အနေအထား၊ အနှစ်သာရများကို အပြည့်အဝဖော်ဆောင်နိုင်ရန်မှာ အဓိကကျသည်က တန်ဖိုးရှိသော လူသားအရင်းအမြစ်များပင်ဖြစ်သည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကို တည်ဆောက်ရန် လူသားအရင်းအမြစ်များသည် စည်းကမ်းရှိရမည့်အပြင် အသိအတတ်ပညာရှင်များစွာ ပေါ်ထွက်ရန်မှာလည်း အထူးလိုအပ်ချက်ကြီးဖြစ်နေသည်။ ထို့အတွက်လည်း နိုင်ငံတော်အကြီးအကဲက ရောက်သည့်နေရာ ရသည့်အချိန်တိုင်းမှာ ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်နေသည်မှာ အားတက်ဖွယ်ရာဖြစ်သည်။ ခေတ်အဆက်ဆက်နိုင်ငံတော်အစိုးရများကလည်း ပညာရေးကို အားပေးခဲ့သည်၊ ဆောင်ရွက်ခဲ့သည်သာဖြစ်သည်။ သို့သော် နိုင်ငံ၌ ပျမ်းမျှလူဦးရေတွင် မြို့ပေါ်နှင့် ကျေးလက်အရ ကျေးလက်ကပိုများနေသည်ကို တွေ့ရသည်။ အချက်အလက်များအရ ကျေးလက်မှာ ၇၂ ရာခိုင်နှုန်းရှိပြီး မြို့ပြမှာက ၂၈ ရာခိုင်နှုန်းသာ ရှိနေသည့် လူဦးရေအခြေအနေတစ်ရပ်တွင် ကျေးလက်နှင့်မြို့ပြအချိုးအရ အလယ်တန်းကျောင်းအရေအတွက်မှာ ၈:၁၊ မူလတန်းကျောင်းအရေအတွက်မှာ ၆ ဒသမ ၅:၁ ဖြစ်နေသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်ဒေသများတွင် အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၃၈၇၉ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၂၁၅၅၀ ရှိသည်ကို တွေ့ရှိရပြီး မြို့ပြတွင် အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၆၂၆ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၃၃၁၈ ကျောင်းရှိသည်ကို တွေ့ရှိရသည်။

ဤသို့ကွာခြားသည့်အပြင် ကျေးလက်နေပြည်သူက မြို့ပေါ်နေပြည်သူထက် စာတတ်မြောက်မှု အားနည်းခြင်း၊ ကျောင်းနေရာခိုင်နှုန်း နည်းပါးခြင်း၊ ပညာရေးဆုံးခန်းတိုင်သင်ကြားမှု အားနည်းခြင်းများက နိုင်ငံတည်ဆောက်ရေးမှာ အဟန့်အတားတစ်ခုအဖြစ် ထင်ရှားလှသည်။ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင်ဖြစ်၍ ဘာသာစကားအခက်အခဲ၊ နယ်မြေဒေသမတည်ငြိမ်မှု၊ အေးချမ်းမှုမရှိခြင်းနှင့်တကွ ပညာရေးကိုအားပေးနိုင်ခြင်းမရှိသည့်အခြေအနေများကား ကျေးလက်နှင့်တိုင်းရင်းသားဒေသများအတွက် စဉ်ဆက်မပြတ်ပညာရေးစိန်ခေါ်ချက်များအဖြစ် ရှိနေဆဲပင်ဖြစ်သည်။

**စာအတတ်သင်မှ ပညာသင်၊ ပညာသင်မှပညာရှင်အဖြစ်သို့**

အထက်ပါအခြေအနေများအရ လက်ရှိကာလတွင် ပညာရေးကို ပို၍မြှင့်တင်ဆောင်ရွက်သွားရမည့် တာဝန်မှာ မလွဲမသွေထမ်းဆောင်ရမည့် တာဝန်တစ်ခုဖြစ်လာသည်။ ပညာခေတ်ကြီးတွင် ပညာတတ်ထားမှသာ မိမိတို့ဘဝ အခြေခိုင်မည်ဖြစ်သည်ဆိုသည်မှာလည်း အနိမ့်ဆုံးခံယူချက်ဖြစ်သင့်သည်။ တိုးတက်သည့်ဒေသများတွင် ပညာတတ်ရုံနှင့်မပြီး၊ ပညာရှင်ဖြစ်ရန်ပါ ကြိုးစားနေကြသည့်မြင်ကွင်းများအတွက် အားတက်မိသော်လည်း ကျေးလက်နှင့် တိုင်းရင်းသားဒေသများမှာ ပညာဆုံးခန်းသင်ဖို့မပြောနှင့်၊ စာတတ်မြောက်ရန်ပင် အခြေအနေမပေးမှုများမှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျေးလက်နှင့် တိုင်းရင်းသားပြည်သူများတွင် လိုအပ်နေသော ပညာရည်မြင့်မားရေးကွက်လပ်ကို အထူးဦးစားပေးဖြည့်ဆည်းရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် စာအတတ်သင်မှ ပညာသင်၊ ပညာသင်မှ ပညာရှင်ဖြစ်ကြရန် လိုအပ်ချက်ကို အထောက်အကူပြုနိုင်ရန်ဖြစ်ပါသည်။ စာသင်ခန်းပညာရေးဖြင့်မပြီးသေး၊ သုတများသော ပညာတတ်အဖြစ်မှသည် စဉ်းစားချင့်ချိန်တတ်သော ပညာရှင်အဖြစ်သို့ပါ လှမ်းနိုင်ကြရန် ရည်ရွယ်ပါသည်။ ကျေးလက်နေပြည်သူများ စာတတ်မြောက်ရန် တစ်ချိန်တစ်ခါက မိမိတို့နိုင်ငံတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့သည့် လုပ်အားပေး "အ"သုံးလုံး စံပြသင်တန်းများကို ပြန်လည်အမှတ်ရမိသည်။ ထိုသင်တန်းများက ကျေးလက်နေပြည်သူများတွင် စာပေကို ဖတ်ရှုသည့်အလေ့အထနှင့် စာပေကိုစိတ်ဝင်စားလာသည့် အခွင့်အလမ်းများကိုပေးစွမ်းနိုင်သည်ဟု နိုင်ငံတော်အကြီးအကဲက မှတ်ချက်ပြုသည်ကို အလေးထားမိသည်။ ထို့ပြင် "ပညာရေးကဏ္ဍတွင် လက်ရှိအကောင်အထည်ဖော်နေသည့် Kg+9 မှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာသိပ္ပံအဆင့်သို့ တက်လှမ်းပြီး ထိုမှတစ်ဆင့် လက်တွေ့အသုံးချသိပ္ပံပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရေးအတွက် Poly technic institute ထူထောင်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်း ဆွေးနွေးလျက်ရှိပါသည်။

နိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ၊ ပညာရှင်များ မွေးထုတ်နိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည်လည်းဖြစ်ကြောင်းနှင့် လူငယ်များ ပညာရေးကောင်းမှ နိုင်ငံ၏အနာဂတ် ကောင်းမွန်မည်ဖြစ်ကြောင်း" ကို နိုင်ငံတော်အကြီးအကဲက အလေးအနက် တိုက်တွန်းပြောကြားသွားသည်ကိုလည်း လေ့လာမှတ်သားမိသည်။ **စာမျက်နှာ ၁၁ သို့** ❋

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ရန်ကင်း ပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များက "တည်တံ့ပါစေတို့အမွေ" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်) ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ဆက်လက်၍ ပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံးရရှိသော ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများက ဆုရတေးသီချင်းများ သီဆို၍လည်းကောင်း၊ ဆုရအကများဖြင့် ကပြ ဖျော်ဖြေ၍လည်းကောင်း၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းနှင့် အိုးစည်၊ ဒိုးပတ် စသည့် တူရိယာများတီးခတ်၍ လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်) ပြိုင်ပွဲ များကို စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရန်ကင်းပညာရေးဒီဂရီကောလိပ်တွင် ဝါသနာရှင်(ပထမတန်းအဆင့်)နှင့် (ဒုတိယတန်း အဆင့်)ဟူ၍ နှစ်ပိုင်းခွဲကာ မဟာဂီတ၊ ခေတ်ဟောင်း/ ကာလပေါ်၊ ကွက်စိပ်၊ အမျိုးဂုဏ်/ဇာတိဂုဏ်၊ မင်းသား/ မင်းသမီးအက၊ ရုပ်သေးကြိုးဆွဲအက၊ တေးသီချင်း များ ရေးသားခြင်း၊ စောင်း/ စန္ဒရား/ပတ္တလား/နှဲ/ ပလွေ/တယော/ဒုံမင်း/မယ်ဒလင်/ဂီတာ တီးမှုတ် ခြင်း၊ ဆိုင်းတစ်ဦးချင်းနှင့် ဆိုင်းဝိုင်းကြီး တီးခတ်ခြင်း၊ အိုးစည်အဖွဲ့လိုက်တီးခတ်ခြင်း၊ ဒိုးပတ်အဖွဲ့လိုက် တီးခတ်ခြင်း စသည်ဖြင့် သက်ဆိုင်ရာဘာသာရပ်များ အလိုက် သဃ်န်းကျွန်းခရိုင်၊ ဗိုလ်တထောင်ခရိုင်၊ ဒဂုံမြို့သစ်ခရိုင်တို့မှ ဝါသနာရှင်ပြိုင်ပွဲဝင်ပေါင်းများစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမဆု ၂၃ ဆု၊ ဒုတိယဆု ၂၃ ဆု၊ တတိယဆု ၁၇ ဆု၊ အထူးဆု ၂၁ ဆု စုစုပေါင်း ထူးချွန်ဆု ၈၄ ဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က (၅၉)နှစ်မြောက် မြန်မာ နိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး တွင် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပသည်။

တပ်ဖွဲ့ဝင်အရာရှိ ကိုးဦး၊ အခြားအဆင့် ၃၃ ဦး စုစုပေါင်း ၄၂ ဦးက သွေးလှူဒါန်းရာ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုနှင့်ဇနီး၊ ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ကျော်နှင့် ဇနီး၊ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး ဝင်းသိန်း နှင့်ဇနီး၊ အမှတ်(၂)မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွန်းမြင့်၊ အမှတ်(၁၄) သတင်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးလှိုင်မြင့်၊ တောင်ကြီးခရိုင် ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုး၊ အမှတ်(၁၈) ယာဉ်ထိန်းဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးမိုးကျော်ဟိန်း နှင့်ဇနီး၊ အမှတ်(၁၅) မှူခင်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူး မင်းသောင်းဦးနှင့် အမျိုးသမီးနှင့် ကလေးဆေးရုံ အုပ်ကြီး ဒေါက်တာမောင်မောင်သိန်းတို့ တက်ရောက် ကြည့်ရှုအားပေးသည်။

ယင်းနောက် ရဲမှူးချုပ်တင်ကိုကိုနှင့် ဇနီးတို့က သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရ ဖြည့်စွက်စာများ ပေးအပ်ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်သိန်းထံ သွေးအိတ်များ ပေးအပ်လှူဒါန်း သည်။ ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အတွက် အလှူငွေကျပ် ၁၀ သိန်း၊ ရဲမှူးချုပ်နှင့် ဇနီး မိသားစုတို့က အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ် ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၅၂၄ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်း များကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ် တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်း ဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၁၁ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၅၂၄ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက် ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီ ကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှု အဖွဲ့ ရဲကွပ်ကဲမှုအဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ညွှန့်လွင်ဦး ဦးစီး၍ လောက်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းကိုဦး၊ ရဲစခန်းမှူးများ နှင့် ကိုးကန့်ဒေသရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၅ ဦးက စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် အမှတ်(၂)ရပ်ကွက် လောက်ကိုင်မြို့ရှိ ခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများရှင်းလင်းခြင်း၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

✻ စာမျက်နှာ ၁၀ မှ

ပညာရှင်များဆိုရာတွင် ဥပဒေပညာရှင်အရင်းအမြစ် များ တိုးပွားလာရန်နှင့် ဥပဒေနှင့်ပတ်သက်သည့် အသိပညာများ ပိုမိုသိမြင်နားလည်ကြရေး ရည်မှန်းချက်အတွက် တွန်းအားပေးမှုအခြေအနေ တစ်စွန်းတစ်စကိုလည်း အကဲခတ်ခွင့်ရလိုက်ပါသည်။ အဓိကက နိုင်ငံ၏နိုင်ငံရေး၊စီးပွားရေးနှင့်ပတ်သက်၍ ပိုမိုအကျိုးပြုနိုင်ရန်ဖြစ်ပုံရသည်။ ထို့ကြောင့်လည်း အဆင့်မြင့်တက္ကသိုလ်များတွင် လက်တွေ့ဥပဒေ အခြေခံအတွက် BA (Law)၊ ဥပဒေအသက်မွေးဝမ်း ကျောင်းပညာအတွက် LLB ဘွဲ့များ ပေးအပ်၍ ဥပဒေပညာရှင်များကို မွေးထုတ်နေခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် သိရှိခဲ့ရသည့်သာဓကတစ်ခုကား အောင်မြင်ခဲ့သည့် ကျောင်းပြင်ပပညာရေးဖြင့် မူလတန်းပညာ KG +5 နှင့် ဆက်လက်သင်ကြားပေး နိုင်မည့် KG +9 ပညာရေးကို ထည့်သွင်းစဉ်းစားပြီး ကြိုးပမ်းဆောင်ရွက်သွားရန် လုပ်ငန်းလမ်းညွှန် ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ပညာရည် မြင့်မားပြီး နိုင်ငံသားအားလုံး ပညာတတ်ရန် အစိုးရ၊ ဆရာ၊ မိဘနှင့် ကျောင်းသား စသည့်ထောက်တိုင် လေးခု ပူးပေါင်းဆောင်ရွက်လျှင် မုချအောင်မြင် မည်ဟု ယုံကြည်ပါသည်။ ထို့အပြင် စည်းကမ်းပြည့်ဝ သော ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ခုကို စည်းကမ်း ရှိသောနိုင်ငံသားများဖြင့် တည်ဆောက်မည်ဆိုလျှင် မှန်ကန်သောဒီမိုကရေစီကျင့်စဉ်များကို အခြေခံ ပညာကျောင်းများမှ စတင်အခြေပြု လေ့ကျင့် သင်ကြားပေးသင့်သည်ဟုလည်း ထင်မြင်မိ ပါသည်။

အထက်ပါ အကြောင်းအချက်များအရ ကျွန်တော်တို့သည် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို မြို့ပြနှင့်ကျေးလက်မချန် ညီအစ်ကိုတိုင်းရင်းသား ဒေသမကျန် တန်းတူညီမျှ ဟန်ချက်ညီညီ အပြည့် အဝအကောင်အထည်ဖော်ရာမှာ တစ်နေရာ တစ်ဒေသ လူမျိုးတစ်မျိုးက ကျန်နေခဲ့၍မဖြစ်ပါ၊ ချန်ထားမည်လည်းမဟုတ်ပါ။ အဓိကဖြည့်ဆည်း ရမည့်အချက်မှာ ပညာရေးတွင် စာအတတ်သင်မှ ပညာသင်၊ ပညာသင်မှ ပညာရှင်ဖြစ်ကြရန်ဆိုသော အချက်ဖြစ်သည်။ မမိုတ်မသုန်ခံယူဆောင်ရွက်ရမည့် အချက်အဖြစ် နိုင်ငံတော်အကြီးအကဲက ထောက်ပြ ပြီး လုပ်ငန်းလမ်းညွှန်ချက်များပေးခဲ့သည်ကို သက်ဆိုင်သူ အကျိုးလိုလားသူအားလုံးကလည်း အလေးအနက်ထား လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဟု အပြုသဘောမျှော်လင့်ပြီး လည်းဖြစ်သည်။ ထို့ထက် အားလုံးမှာ အဓိကကျ သည့် အချက်တစ်ခုကား တည်ငြိမ်ရေးနှင့် တရား ဥပဒေစိုးမိုးရေးပင်ဖြစ်နေသည်။ ဤမျှအရေးကြီး သော အချက်တစ်ခုပြည့်စုံမှသာလျှင် အားလုံးသော အနှစ်သာရများလည်း ပြည့်ဝလာမည်ဖြစ်၍ ထိုအချက်ကို လုံးဝမေ့လျော့မထားကြရန်နှင့် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရန်ပင် ဖြစ်ပါသည်။ ။




### ၂၀၂၃ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

## ရောဝတီတိုင်းဒေသကြီး၏(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပုသိမ် စက်တင်ဘာ ၁၀**

ရောဝတီတိုင်းဒေသကြီး၏ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ဦးစွာ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲကျင်းပရေးနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး၏(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဖွင့်တေးသီချင်းဖြစ်သည့် "အောင်လံလွှင့်ချီ ရောဝတီ" တေးသီချင်းကို "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season 2" Winner ဆုရှင် မောင်စိုးထက်အောင်နှင့် ပညာအလင်္ကာအဖွဲ့က သီဆိုပြီး အကပြိုင်ပွဲဝင်များက တင်ဆက်ကပြကြသည်။

ထို့နောက် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဗဟိုအဆင့် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ကပြမှုများကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။



ယနေ့စတင်ကျင်းပသည့် ရောဝတီတိုင်းဒေသကြီးအဆင့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် အဆိုပြိုင်ပွဲဝင် ၁၁၁ ဦး၊ အကပြိုင်ပွဲဝင် ၁၆၈ ဦး၊ အရေးပြိုင်ပွဲဝင် ၁၃ ဦး၊ အတီးပြိုင်ပွဲဝင် ၂၃၇ ဦး၊ စုစုပေါင်းပြိုင်ပွဲဝင် ၅၂၉ ဦးဖြင့် ယခုလ ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စစ်တွေမြို့ရှိ တက္ကသိုလ်၊ အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၀**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်၊ ပြည်နယ်ပညာရေးမှူး ဦးဘထွီးစိန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေတက္ကသိုလ်နှင့် စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်ပြီးနောက်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



### မှာကြား

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်သို့သွားရောက်ပြီး တက္ကသိုလ်မုခ်ဦးကို ခံ့ညားထည်ဝါလှပစေရေးနှင့် မုခ်ဦးအနီး ပတ်ဝန်းကျင် သန့်ရှင်းသာယာရေး ဆောင်ရွက်ကြရန် မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တက္ကသိုလ်အဝင် အဓိပတိလမ်းမတစ်လျှောက်နှင့် မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သော တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင် ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဘွဲ့နှင်းသဘင် အခမ်းအနား မတိုင်မီ အချိန်မီပြီးစီးနိုင်ရေး တွန်းအားပေးဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် တက္ကသိုလ်စာကြည့်တိုက်၊ တက္ကသိုလ်စာသင်ဆောင်များနှင့် ကျောင်းသားအိပ်ဆောင်များအတွင်း လှည့်လည်ကြည့်ရှုကာ ပြတင်းတံခါးများ ခိုင်ခံ့မှုရှိစေရေး၊ စာသင်ခုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စာသင်ဆောင်များနှင့် ကျောင်းသားဆောင်များ အနီးပတ်ဝန်းကျင် သန့်ရှင်းသာယာရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းနှင့် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း (အနောက်စံပြ) ပြန်လည်ပြုပြင်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်း မြို့နယ်တွင် စက်တင်ဘာ ၁၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်မျိုးထက်၊ မြို့မစခန်းမှူး ဒုတိယရဲမှူး ညီညီတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့မိသားစုဝင်များ စုစုပေါင်း ၆၅ ဦးဖြင့် မိုးဟုတ်စေတီတော်မြတ်ကြီး ရင်ပြင်တော်နှင့် ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။



မြို့နယ်(ပြန်/ဆက်)

## တံတားမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**တံတား စက်တင်ဘာ ၁၀**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက သီရိရတနာခန်းမဆောင်၌ ကျင်းပသည်။

ပြိုင်ပွဲတွင် တံတားမြို့ အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးဖြူလွင်က ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် တံတားမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်သိန်းက ကျေးဇူးတင်စကား ပြောကြားကာ အကဲဖြတ်အမှတ်ပေးအဖွဲ့ခေါင်းဆောင် တံတားမြို့ စာကြည့်တိုက် ကြီးကြပ်မှူး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပပြီး ဆုရရှိကြသူများအား မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**တံတား(ပြန်/ဆက်)**

■



# ဂျပန်နိုင်ငံဝန်ကြီးချုပ် ကီရှီဒါက အစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းရေးရည်ရွယ်ချက်ကို ကြေညာမည်

**တိုကျို စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ကီရှီဒါက ၎င်း၏အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရေး ရည်ရွယ်ချက်နှင့် လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ အမှုဆောင်များ အပြောင်းအလဲလုပ်ဆောင်မည့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ကြေညာသွားရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ကီရှီဒါသည် အဆိုပါကြေညာချက်နှင့် စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ သွားရောက်မည့်ခရီးစဉ်အတွင်း ကြေညာရန် စီစဉ်ထားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ အစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းရေးအစီအစဉ်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်ကီရှီဒါသည် စက်တင်ဘာ ၁၁ ရက်တွင် ဂျပန်နိုင်ငံသို့ ပြန်လာပြီးနောက် စက်တင်ဘာ ၁၃ ရက်တွင် အတည်ပြုသွားဖွယ်ရှိကြောင်းလည်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အလင်းသစ်**

# မြောက်ကိုရီးယားနိုင်ငံတွင် ပထမဆုံးနည်းဗျူဟာမြောက် နျူကလီးယားတိုက်ခိုက်ရေးရေငုပ်သင်္ဘော စတင်ရေချ



**ပြုံယမ်း စက်တင်ဘာ ၁၀**

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ(DPRK)သည် နိုင်ငံ၏ (၇၅)နှစ်မြောက် တည်ထောင်ခြင်း နှစ်ပတ်လည်နေ့မတိုင်မီ စက်တင်ဘာ ၆ ရက်တွင် ၎င်း၏ ပထမဆုံးနည်းဗျူဟာမြောက် နျူကလီးယားတိုက်ခိုက်ရေး ရေငုပ်သင်္ဘောကို စတင်ရေချခဲ့ကြောင်း တရားဝင်ကိုရီးယားဗဟိုသတင်းအေဂျင်စီ (KCNA)က စက်တင်ဘာ ၈ ရက်တွင် ပြောကြားသည်။ နိုင်ငံ၏ အာဏာရ ကိုရီးယားအလုပ်သမားပါတီ(WPK)ဗဟို စစ်ကော်မရှင်၏ အမိန့်အရ ၎င်းရေငုပ်သင်္ဘောကို ကိုရီးယားပြည်သူ့တပ်မတော် အရှေ့ပင်လယ်ရေယာဉ်စုနှင့် ဆက်စပ်နေသည့် ရေငုပ်သင်္ဘောတပ်သို့ လွှဲပြောင်းခဲ့ပြီး ၎င်းရေငုပ်သင်္ဘောကို "Hero Kim Kun Ok"ဟု အမည်ပေးထားကြောင်း သိရသည်။

Kim Kun Ok သည် နိုင်ငံ၏ ရေတပ်တပ်ဖွဲ့၏ ပထမမျိုးဆက်သူရဲကောင်း ကွပ်ကဲရေးမှူးဖြစ်သည်။

အသစ်တည်ဆောက်ထားသော ရေငုပ်သင်္ဘောသည် မြောက်ကိုရီးယားရေတပ်၏ "ရေအောက်ထိုးစစ် တိုက်ခိုက်ရေး မစ်ရှင်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း အာဏာရမြောက်ကိုရီးယားအလုပ်သမား ပါတီ၏ အထွေထွေအတွင်းရေးမှူးနှင့် မြောက်ကိုရီးယားနိုင်ငံတော်ရေးရာဥက္ကဋ္ဌ ကင်ဂျုံအန်က ၎င်းရေငုပ်သင်္ဘောရေချသည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ရေငုပ်သင်္ဘောပေါ်သို့ တက်ရောက်၍ စစ်ဆေးစဉ်အတွင်း ၎င်း၏ လက်နက်စနစ်နှင့် ရေအောက်စစ်ဆင်ရေးစွမ်းရည်များကို လေ့လာခဲ့ကြောင်း ကေစီအင်န်အေသတင်းအေဂျင်စီက ထပ်လောင်းပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့ နိုင်ငံတကာလကမ္ဘာလေ့လာရေး သုတေသနစခန်းအစီအစဉ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**ပေကျင်း စက်တင်ဘာ ၁၀**

တရုတ်နိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့မှ အာကာသအေဂျင်စီများသည် နိုင်ငံတကာ လကမ္ဘာလေ့လာရေးသုတေသနစခန်းအစီအစဉ်၏ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း တရုတ်အမျိုးသား အာကာသစီမံခန့်ခွဲရေးအဖွဲ့ထံမှ သိရသည်။

၎င်းအစီအစဉ်အရ နားလည်မှုစာချွန်လွှာကို တရုတ်အမျိုးသားအာကာသအေဂျင်စီ ကိုယ်စား တောင်အာဖရိကနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ဇီဒေါင်းနှင့် တောင်အာဖရိက အမျိုးသား အာကာသအေဂျင်စီအကြီးအကဲ ဟန်န်ဗိုမာနီလာဒူတို့က ယခုလအစောပိုင်းတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း CNSA မှ ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ၏ ၎င်းအစီအစဉ်တွင် ပါဝင်မှုသည် နှစ်နိုင်ငံ သိပ္ပံနည်းပညာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာခြင်းကို ပြသနေခြင်းပင်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီမှ ထပ်လောင်းပြောကြားသည်။

ယခုအစီအစဉ်အရ တရုတ်နှင့် တောင်အာဖရိက အာကာသအေဂျင်စီများသည် အဝေးထိန်းစနစ်ဖြင့် အာကာသဆိုင်ရာ အာရုံခံအချက်အလက်ဖလှယ်ခြင်းနှင့် မြေပြင်စခန်းများတွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# ဆူဒန်နိုင်ငံ၌ ဖြစ်ပွားသည့် ပဋိပက္ခကြောင့် အီသီယိုးပီးယားနိုင်ငံသို့ ဝင်ရောက်လာသူ ၇၈၅၀၀ ကျော်ရှိ

**အဒစ်အဘာဘာ စက်တင်ဘာ ၁၀**

ဆူဒန်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် အိမ်နီးချင်း အီသီယိုးပီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူ အရေအတွက်သည် ၇၈၅၉၈ ဦးရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ယနေ့တွင် ပြောကြားသည်။

ဆူဒန်နိုင်ငံမှ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူများ အနက် ၄၆ ရာခိုင်နှုန်းမှာ အီသီယိုးပီးယားနိုင်ငံသားများဖြစ်ပြီး ၃၄ ရာခိုင်နှုန်းမှာ ဆူဒန်နိုင်ငံသားများဖြစ်ကာ ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းမှာ တတိယနိုင်ငံသားများဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၂၉ ရက်အထိ ကာလအတွင်း ပဋိပက္ခဒဏ်ခံစားခဲ့ရသော ဆူဒန်နိုင်ငံမှ အိမ်နီးချင်း အီသီယိုးပီးယားနိုင်ငံသို့ဝင်ရောက်လာသူများ၊ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူ အရေအတွက်သည် ၇၈၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။

ဆူဒန်နိုင်ငံ၌ ယခုနှစ် ဧပြီ ၁၅ ရက်ကတည်းက ခါတွမ်နှင့် အခြားဒေသများရှိ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များ အကြား တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

# မော်ရိုကို ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၂၀၀၀ ကျော်ရှိလာ

**ရာဘတ် စက်တင်ဘာ ၁၀**

မော်ရိုကိုနိုင်ငံ၌ စက်တင်ဘာ ၈ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူ ၂၀၀၀ ကျော် ရှိလာကြောင်း မော်ရိုကို အစိုးရပိုင်မီဒီယာက ယနေ့ ပြောကြားသည်။

မော်ရိုကိုနိုင်ငံ အလယ်ပိုင်း Marrakesh မြို့မှ ကီလိုမီတာ ၇၀ ခန့်အကွာတွင် ဗဟိုပြု၍ ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒ လေ့လာရေးဌာနက သတင်းထုတ်ပြန်ထားသည်။

ငလျင်ကြောင့် အနည်းဆုံး လူ ၂၀၁၂ ဦး သေဆုံးပြီး ၂၀၅၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကားပြီး အစိုးရပိုင်မီဒီယာက သတင်းဖော်ပြသည်။

ငလျင် လှုပ်ခတ်မှုကြောင့် အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ဆရာဝန်များသာမက ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကလည်း ငလျင်လှုပ်ခတ်မှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုပေးလျက်ရှိသည်။

ဆေးကျောင်းသား များနှင့် ပါမောက္ခများလည်း အစွမ်းကုန်ကြိုးစားနေကြသော်လည်း လူနာအရေအတွက် အလွန်များပြားသည့်အတွက် အကူအညီများ လိုအပ်နေသေးကြောင်း ဆေးကျောင်းသားတစ်ဦးက ဆိုသည်။

ထို့ပြင် လူနာများအတွက် သွေးများအစားထိုးရန် သွေးလှူရှင်များ လိုအပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေသခံ ပြည်သူများက ကယ်ဆယ်ရေး ပစ္စည်းများကို ဆေးရုံများသို့ သယ်ဆောင်လာခဲ့ကြသည်။ စေတနာ့ဝန်ထမ်းများသည် အစားအသောက်၊ ရေနှင့် အခြားထောက်ပံ့ရေး ပစ္စည်းများကို အိတ်များဖြင့်ထည့်ကာ အဆိုးရွားဆုံးထိခိုက်သည့် ဒေသသို့ ပို့ဆောင်ရန်အတွက် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# တရားမဝင် ကျွန်းသစ်၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ Zero Mile အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Honda ဆိုင်ကယ်အင်ဂျင်ဝိုင်ဘူး ၂၄၆၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ပဲခူးလမ်းမကြီး လှည်းကူးတိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Battery Charger ကီလိုဂရမ် ၁၀၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၀၇၂၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractro Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်မြို့ အမှတ်(၂) လမ်းမကြီး ရွာသာကြီးတိုးဂိတ်အနီး၌ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိဘဲ ကွဲလွဲစွာ ပါရှိလာသည့် QD Rechargeable Emergency ဆိုလာမီးအိမ် အခု ၅၄၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၅၈၄၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၃၃၅၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွာမလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် အစိမ်းရောင် ငါးဖမ်းပိုက် ၆၅ ကီလိုဂရမ်၊ UNILAM ငါးမျှားမီးအိမ် အခု ၂၀၊ MSI Laptop အလုံး ၃၀ အပါအဝင် ကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၃၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် စက်တင်ဘာ ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော One Rich ကလေးအဝတ်အထည် အစုံ ၁၅၀၀၊ M–150 Energy Drink အချိုရည်ပုလင်း ၆၅၀၀၊ Plastic PP ဆာလာအိတ် ၃၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၇၁၈၆၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး၊ Yutong Bus တစ်စီး၊ Chang Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၂၇၁၈၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

၎င်းအပြင် စက်တင်ဘာ ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၉၃၉ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၀၀၂၃၀၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၅ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၀၅၉၂၉၇၆၈ ကျပ်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြိတ်နှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ


ကျာဟော်၊ ကျာထော၊ ကာဗေလှနှင့် ကျာဂ တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် စက်ဝန်းရပ် ပိတောက်ရွှေဝါလမ်းပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ မအင်ဒွေး(ခ)အေးချိုကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၃)အတွင်းတွင် ကာဗေလှ မောင်းနှင်ပြီး ကျာဂ လိုက်ပါလာသည့် ဆိုင်ကယ်၊ ကျာထောမောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ကျာဟော်မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက နတ်တလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင် ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဝေယံဖြိုး(ပြန်/ဆက်)



ပြင်ပအလင်းရောင်ကို
အသုံးချပါ၊
မလိုအပ်သော အိမ်တွင်း
လျှပ်စစ်မီးများကို
လျှော့သုံးပါ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၉-၂၀၂၂ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ ဓောဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ရွှန်းပစ်ပစ္စည်းမှသည် လက်မှုအနုပညာရပ်ဆီ(အုန်းခွံ)
- ၀၉:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၃၅ Economic Review
- ၁၁:၃၀ ဘဝနှင့်အနုပညာ 'မြတ်မွန်ဘဝအစကကြိုးဇရက'(အပိုင်း-၃)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'(အပိုင်း-၄၇)
- ၁၃:၃၀ MRTV National News
- ၁၄:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လွှင့်ဖျံ့အမုန်း'(အပိုင်း-၁၅)
- ၁၅:၃၅ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် အသိပညာပေးဗီဒီယိုမှတ်တမ်း
- ၁၆:၃၅ မျိုးဇုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၃၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၄၀ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဖာယာဖျက်နာဖုံး'(အပိုင်း-၄၃)(ဇာတ်သိမ်း)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး'(အပိုင်း-၁၄)
- ၂၂:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း'(အပိုင်း-၂၄)

### mitv

- 07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:11 Ecotourism: Along River Chindwin To Khamti
- 07:28 Buddha Image Built Of Bamboo Strip
- 07:41 Innovative Handiworks Based On The Art Of Line Drawing
- 08:01 News
- 08:26 National Attractions Indonesia
- 08:32 Sri Ksetra, Field of Fortune & Glory (Part-2)
- 08:51 Myanmar Traditional Snacks: Sago with coconut milk
- 09:35 Today Myanmar: Tele Rehabilitation Stroke Program
- 09:01 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 3) 1970~1989
- 09:36 Discovering Tribes: Pre Kayaw (Their Life and Customs) (Part-1)
- 10:01 News
- 10:54 Ecstasy of Life

### MRTV NRC

- မွန် (၀၆:၀၀ မှ ၀၈:၀၀) ထန်းပင်၏တန်ဖိုး
- ရခိုင် (၀၈:၀၀ မှ ၁၀:၀၀) အဆိုတော်ကြီးဖြစ်ချင်သူ
- ရှမ်း (၁၀:၀၀ မှ ၁၂:၀၀) ရှမ်းတို့ရိုးရာ 'ပဲပုတ်' အစားအစာ
- ဝ (၁၂:၀၀ မှ ၁၄:၀၀) ကျိုင်းတုံဆန်ပြုတ်ချက်နည်း
- ကချင် (၁၄:၀၀ မှ ၁၆:၀၀) မူလာရှီးဒီးသို့အလည်တစ်ခေါက်
- ကယား (၁၆:၀၀ မှ ၁၈:၀၀) ရှုမြင်စေချင်ကော်ယော်(မိုနု)တို့ရဲ့ဓလေ့အသွင်
- ကေကရင် (၁၈:၀၀ မှ ၁၉:၀၀) ဝုံးအစပ်ချက်နှင့်သခွတ်ပွင့်သုတ်
- အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀) ကရင်စကားပုံများအကြောင်း(အပိုင်း-၂)
- အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀) ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၂)
- ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀) သစ်သီးအခေါ်အဝေါ်များ(အပိုင်း-၁)
- ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀) ဆံတော်ရှင်ကျိုက်ထီးရိုး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၁၅ Football Highlights
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက်လက်ရှိထားမှု'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၂)
- ၁၈:၀၀ Economic Review (အပိုင်း-၁၉)

### MRTV FARMERS' HTV

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ စပါးဖြုတ်ပိုးကာကွယ်နှိမ်နင်းနည်းများ ဖြန့်ဝေရာကွင်းသရုပ်ပြပွဲဆီမှာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ညို့(ဇာတ်လမ်း)
- ၁၉:၃၀ Pumpkin; Squash Harvest(How To Tell When They're Ready to Pick) Garden Answer
- ၂၂:၀၀ June Tour of Our South Garden!
- ၂၃:၀၀ Day in the Life of a Small Farm

### MRTV SPORTS HTV

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ ရွှေရောင်မျိုးဆက်သစ်များနှင့်တွေ့ဆုံခြင်း
- ၀၇:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Olympic Games

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက်ရှိ ပြည်လုံးပေါ်ဘုရားကြီးကျောင်းတိုက်အတွင်း၌ စက်တင်ဘာ ၁၀ ရက်က ကျုံပျော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်လွင်၊ ကျုံပျော်မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူး တင်လှိုင်၊ မြို့မစခန်းမှူး ဒုရဲမှူး မောင်ဆန်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ သီးကုန်းအမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး သီဟဂျမ်း ဦးစီးသော တပ်ဖွဲ့ဝင်၊ မိသားစုများသည် စက်တင်ဘာ ၉ ရက်က မိတ္ထီလာမြို့နယ် တုံးအိုင်ကျေးရွာရှိ ရွာလယ်ဘုရားလေးဆူ သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် သံဃာအပါး ၁၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ ချမ်းသာ(မိတ္ထီလာ)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၉ ရက်က အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ဌာနချုပ်တပ်ခွဲမှူး ရဲမှူး သန်းဌေး ဦးစီး၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျိုင်းတုံ စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီး(ခုတင်-၂၀၀) သန့်ရှင်းသာယာမှုရှိစေရေးအတွက် စုပေါင်းသန့်ရှင်းရေးကို စက်တင်ဘာ ၉ ရက် နံနက် ၇ နာရီတွင်ဆောင်ရွက်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများက ကျန်းမာရေးဝန်ထမ်းများနှင့်အတူ စုစုပေါင်း အင်အား ၃၈၀ ခန့်က ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ရှင်းလင်းဆယ်ယူခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ကြည့်ရှုအားပေး**

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှုအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်း၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စည်သူအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# MSME လုပ်ငန်းများနှင့် အခြားဦးစားပေးကဏ္ဍများ၏ ဒစ်ဂျစ်တယ်စီးပွားရေးအထောက်အကူပြု E-Market Platform နှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး

**တောင်ကြီး စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် MSME လုပ်ငန်းများနှင့် အခြားဦးစားပေးကဏ္ဍများ၏ ဒစ်ဂျစ်တယ်စီးပွားရေး အထောက်အကူပြု E-Market Platform နှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ ရှမ်းပြည်နယ်စီးပွားရေးရာ ဝန်ကြီး ဦးခွန်သိန်းမောင်က အဖွင့်အမှာစကား ပြောကြားပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက MSME လုပ်ငန်းများနှင့် အခြားဦးစားပေးကဏ္ဍများ၏ ဒစ်ဂျစ်တယ်စီးပွားရေး အထောက်အကူပြု E-Market Platform နှင့်စပ်လျဉ်း၍လည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ အိရွှေစင်ထွန်းက E-Market Place for Myanmar Products Platform ဖြစ်ပေါ်လာပုံနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် Cyber King Co.,ltd ၏ CEO & Founder ဦးမြတ်သူက ERP System နှင့် E-Market Place အကြောင်းကိုလည်းကောင်း၊ UAB Bank မှ ဒေါ်ဂျူးဆုရတနာက MSME Loan နှင့် Financial Sector အတွက် ပံ့ပိုးနိုင်မည့် ကိစ္စရပ်များအားလည်းကောင်း၊ AJ Myanmar Group မှ Managing Director ဦးအောင်သိန်းနိုင်က မြန်မာ့ထုတ်ကုန်၊ ထွက်ကုန်များကို တရုတ်နိုင်ငံဈေးကွက်သို့ သွားရောက်နိုင်မည့် အခွင့်အလမ်းများ၊ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ရာ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Tun Tun Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဆံတော်ရပ်ကွက်နေ ထွန်းထွန်းဝင်းအား ည ၇ နာရီခွဲတွင် ပြည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ရိုးရာအဝတ်အထည် ရက်လုပ်ခြင်းမှသည် ဒေသစီးပွားဖွံ့ဖြိုးမှုဆီ

နှင်းယု




မွန်လူမျိုးများ၏ အဖြူရောင်နှင့် အနီရောင် ရောစပ်ထားသော မွန်ရိုးရာဝတ်စုံသည် ထူးခြားဆန်းပြားသော အဆင်အပြင်မပါရှိသော်လည်း ရိုးရှင်းနေသည်၊ ပေါ်လွင်နေသည်။ ရိုးရိုးရှင်းရှင်းဖြင့် ဝတ်ဆင်သူအပေါင်းကို ကျက်သရေအပေါင်းနှင့် ပြည့်စုံစေသည်။ မွန်အမျိုးသား ပုဆိုး၏အဆင်အနီ လေးထောင့်ကွက်သည် လယ်ယာလုပ်ငန်း၏ လယ်ကွက်အမှတ်အသားဖြစ်ပြီး အနီရောင်လေးထောင့်ကွက်ကို ကန့်ထားသောအဖြူစင်းများသည် စိတ်စေတနာဖြူစင်ခြင်းကို ရည်ရွယ်သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယအားစိုက်ရသည့် လယ်ယာအလုပ်ကို ဖြူစင်သောစိတ်စေတနာနှင့် လုပ်ဆောင်တတ်ခြင်းကို ရည်ရွယ်သည်ဟု ဆိုကြသည်။

**မွန်လူမျိုးတို့ စိတ်ရင်းစေတနာကို ပေါ်လွင်စေသည့်အမှတ်သင်္ကေတတစ်ခု**

မွန်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ခုဖြစ်ကာ ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးခြင်းများ ဖွံ့ဖြိုးလျက်ရှိပြီး မွန်လူမျိုးများသည်လည်း ဘာသာတရားကိုင်းရှိုင်းကာ အေးချမ်းစွာနေထိုင်ကြသည်။ ထို့ကြောင့် မွန်ရိုးရာဝတ်စုံသည် မွန်လူမျိုးတို့ စိတ်ရင်းစေတနာကို ပေါ်လွင်စေသည့် အမှတ်သင်္ကေတတစ်ခုဖြစ်သည်။

ထိုကဲ့သို့ မွန်လူမျိုးတို့ အထွတ်အမြတ်ထား ဝတ်ဆင်ကြသောရိုးရာဝတ်စုံသည် ရာသီမရွေး၊ ဒေသမရွေး ဖက်ရှင်ကျကျ ဝတ်ဆင်နိုင်သဖြင့် မွန်လူမျိုးတို့သာမက ယခုအခါ နိုင်ငံတွင်း ပြည်သူအများ ဝယ်ယူဝတ်ဆင်ကြသော လူကြိုက်များသည့် ရိုးရာအထည်များ ဖြစ်လာသည်။

"ကျွန်တော်တို့ မွန်လူမျိုးတွေကတော့ ရိုးရာအခမ်းအနားတွေမှာ၊ အလှူအတန်းပြုရာမှာ၊ နေ့ထူးနေ့မြတ်တွေမှာ စသဖြင့် ရိုးရာဝတ်စုံကို အလေးထားဝတ်ဆင်ကြပါတယ်။ ကျန်တဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေကတော့ ဝတ်စုံအပြည့်အစုံ မဟုတ်ဘဲ မွန်ထဘီ၊ မွန်ပုဆိုးကို ဝယ်ယူဝတ်ဆင်ကြတာများပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ရိုးရာဝတ်စုံကို နှစ်နှစ်သက်သက် ဝတ်ဆင်ကြတာမြင်တိုင်း ဝမ်းသာမိပါတယ်" ဟု မော်လမြိုင်မြို့မှ "နိဓိမာန်" ရက်ကန်းလုပ်ငန်းရှင် ဦးထွန်းမြင့်က ပြောသည်။

ပြည်တွင်း၌ မွန်ရိုးရာအထည်များ ဝတ်ဆင်မှု၊ ရက်လုပ်ရောင်းချမှုများ ရှိသည့်အတွက် ပြည်နယ်အတွင်း ရိုးရာအထည် ရက်လုပ်ရောင်းချသူများ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်အတွက် အလားအလာရှိသော ဒေသထွက်ကုန်များမှ ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု (One Region One Product) အစီအစဉ်တွင် ထည့်သွင်းကာ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်နယ်အစိုးရအနေဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product)၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product) ဟူသောအစီအစဉ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ အပါအဝင် ဒေသထွက်ကုန်ကြမ်းများကို အခြေခံ၍ ကုန်ထုတ်လုပ်မှု တိုးတက်စေရန် ရည်ရွယ်ရင်းဖြစ်သည်။

ထို့အတူ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ ဒေသအလိုက် အဓိကထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရရှိရန်အတွက်လည်း ရည်ရွယ်သည်။

"မွန်ပြည်နယ်ကနေ ရော်ဘာ၊ မုဒုံစောင်၊ သစ်သီးယိုမျိုးစုံ၊ ဝါးနဲ့ ပတ်သက်တာတွေ၊ သစ်သားပန်းပုရုပ်လုပ်ငန်းတွေ၊ ဆားလုပ်ငန်းတွေ၊ ငါးခြောက်လုပ်ငန်းတွေနဲ့ ဒူးရင်းသီးစိုက်ပျိုးတာ စတာတွေ ရှိပါတယ်။ ဒီထဲမှာ မွန်ရိုးရာ ထဘီ၊ ပုဆိုးတွေဟာ မွန်တိုင်းရင်းသားတွေသာမကဘဲ တခြားတိုင်းရင်းသားပြည်သူတွေလည်း ဝတ်ဆင်ကြတဲ့ ရိုးရာအထည်တွေ ဖြစ်လာပါတယ်။ ဒီတော့ပြည်နယ်က ဒေသခံစီးပွားရေးလုပ်ငန်းတွေ အဆင်ပြေစေဖို့အတွက် ဈေးကွက်ပိုရရှိအောင် One Region One Product အစီအစဉ်တွေနဲ့ တိုးမြှင့်ဆောင်ရွက်တာ ဖြစ်ပါတယ်" ဟု မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောကြားသည်။

**ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း**

မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ရက်ကန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုဒုံမြို့) ကို ဖွင့်လှစ်ကာ ဒေသခံများအား သင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုဒုံမြို့) တွင် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်မှုတစ်နှစ်သင်တန်းနှင့် လက်ရက်ကန်း ခြောက်လသင်တန်းတို့ကို သင်ကြားပို့ချပေးလျက်ရှိကြောင်း ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ**

အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ရက်ကန်းသင်တန်းများကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကောမပပျောက်အောင် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ရက်ကန်းလုပ်ငန်းဆိုင်ရာ နည်းပညာ အတတ်ပညာများ ဖြန့်ဖြူးပေးရန်၊ ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသော အထည်ထုတ်လုပ်ငန်းများကို တီထွင်နိုင်သည့် အတတ်ပညာများ လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

"ဒီသင်တန်းတွေရဲ့ ရည်ရွယ်ချက်က ပြည်နယ်ရဲ့ ရိုးရာအမွေအနှစ် ရက်ကန်းလုပ်ငန်း မပျောက်ပျက်အောင် ဖြစ်ပါတယ်။ ခေတ်ကာလ ပြောင်းလဲလာတော့ အရင်လို ရက်ကန်းတစ်ခုတည်းပေါ်မှာ မှီခိုလို့မရတော့ တခြားလုပ်ငန်းတွေ ပြောင်းလဲလုပ်ကိုင်ကြတာမျိုးတွေတော့ ရှိပါတယ်။ အားသာချက်တစ်ခုက ဈေးကွက်မှာ နေရာတစ်ခုရှိတဲ့ ရိုးရာဝတ်စုံဖြစ်တဲ့အတွက် ဒီလုပ်ငန်းလုပ်ကိုင်နေတဲ့သူတွေကို ဖွံ့ဖြိုးမှုရရှိအောင်

**စာမျက်နှာ ၁၇ သို့** ✤

**"မွန်ပြည်နယ်ဝန်ကြီးချုပ် ပံ့ပိုးကူညီပေးမှုဖြင့် နိုင်ငံတော်အဆင့် အထိမ်းအမှတ်ပြပွဲများ၊ ဈေးရောင်းပွဲတော်များအပါအဝင် နေ့ထူးနေ့မြတ်ကျင်းပပြုလုပ်သည့် ပွဲတော်များတွင် မွန်ရိုးရာအဝတ်အထည်များ ဝင်ရောက်ပြသရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် မွန်ရိုးရာအဝတ်အထည်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို ဒေသတွင်း Supermarket များတွင် ရောင်းချနိုင်ရေး၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းများနှင့် ချိတ်ဆက်ခြင်း၊ Hand Made များကို နိုင်ငံခြားသားများ ကြိုက်နှစ်သက်ကြသဖြင့် ဈေးကွက်ရရှိရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်"**





✤ စာမျက်နှာ ၁၆ မှ

ဌာနအနေနဲ့ သင်တန်းတွေ ဖွင့်လှစ်ပြီး အသိပညာပေးသွားမယ်။ ပြီးတော့ နည်းပညာအကူအညီ ရရှိအောင်၊ အထောက်အပံ့တွေရရှိအောင် တတ်အားသမျှ ကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရိုးရာထည်ရက်လုပ်သည့် လုပ်ငန်းများ၏ အခြေအနေသည် ဒေသတွင်းထွက်ရှိသော ကုန်ကြမ်းများနှင့် ငွေကြေးအရင်းအနှီးတို့အပေါ်မူတည်ပြီး မိသားစုတစ်နိုင်တစ်ပိုင် အိမ်တွင်းလက်မှုလုပ်ငန်းများက များပြားပြီး အများအားဖြင့် စက်ကိရိယာအငယ်စားများ အသုံးပြုသည့် အသေးစား စက်မှုကုန်ထုတ်လုပ်ငန်းများဖြစ်သည်။



**ခိုင်မာတဲ့တံဆိပ်ရှိတဲ့ ရိုးရာအထည်လုပ်ငန်း**

“ရိုးရာအထည်လုပ်ငန်းက ဒေသထွက်ကုန်တစ်ခုအနေနဲ့ ရပ်တည်မှုရှိတယ်။ ဒါပေမဲ့ တစ်နိုင်တစ်ပိုင်လေးတွေမှာ အခက်အခဲရှိကြတယ်။ တစ်နိုင်တစ်ပိုင် ရက်လုပ်တဲ့သူ အများစုက ရက်လုပ်ပြီးရင် ခိုင်မာတဲ့တံဆိပ်ရှိတဲ့ ရိုးရာအထည်လုပ်ငန်းကို ရောင်းချတာများတယ်။ သူတို့ကိုယ်တိုင်က စားဝတ်နေရေးအခက်အခဲအတွက် တစ်နေ့ ရက်ထည်ကို ခိုင်မာတဲ့ တံဆိပ်ရှိတဲ့ လုပ်ငန်းဆီအပ်ပြီး တစ်နေ့အပ်၊ ချက်ချင်းငွေပေါ်မယ့် အစီအစဉ်ကို သွားကြတာများတယ်။ သူတို့အတွက် ပိုကောင်းတဲ့ လုပ်ငန်းအခြေအနေကို ရစေချင်ပါတယ်”ဟု “သုတ္တထပ်” ရက်ကန်းလုပ်ငန်းရှင် ဒေါ်အေးမူက ပြောသည်။

မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ် စသည့်မြို့နယ်များရှိ ကျေးရွာများမှ ဒေသခံများက မွန်ရိုးရာအဝတ်အထည်များကို ရက်လုပ်ရောင်းချကြပြီး ပြည်နယ်အတွင်း မွန်ရိုးရာ ထဘီ၊ ပုဆိုးအပါအဝင် အထည်ရက်လုပ်သည့် လုပ်ငန်းရှင် ၄၀ ကျော်ရှိကြောင်း သိရသည်။

“ကျွန်မတို့က ရက်ကန်းရုံကနေ ရိုးရာအထည်တွေ ရက်လုပ်တယ်။ ဒေသမှာလည်း ရက်လုပ်တယ်။ အခုက ပြည်တွင်းဈေးကွက်မှာ နေရာတစ်ခုတော့ရှိပါတယ်။ တစ်နိုင်ငံလုံး ဈေးကွက်ရရှိဖို့အတွက် အွန်လိုင်းကနေလည်း ရောင်းချတာမျိုးလည်း ရှိပါတယ်”ဟု ဒေါ်အေးမူက ဆိုသည်။

ပြည်နယ်အစိုးရအနေဖြင့် မွန်ရိုးရာအဝတ်အထည်လုပ်ငန်း တိုးတက်ရေးအတွက် လုပ်ငန်းရှင်များအား ခေတ်မီဆန်းသစ်သောဒီဇိုင်းများ ထုတ်လုပ်လာစေရန် မွန်ရိုးရာအဝတ်အထည် ဒီဇိုင်းချုပ်လုပ်ခြင်းပြိုင်ပွဲများ ပြုလုပ်ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပွဲတော်များတွင် မွန်ရိုးရာအဝတ်အထည်များ ဝင်ရောက်ပြသရောင်းချနိုင်ရေး**

ထို့အတူ မွန်ပြည်နယ် ဝန်ကြီးချုပ်ပံ့ပိုးကူညီပေးမှုဖြင့် နိုင်ငံတော်အဆင့်အထိမ်းအမှတ်ပြပွဲများ၊ ဈေးရောင်းပွဲတော်များ အပါအဝင် နေ့ထူးနေ့မြတ်ကျင်းပပြုလုပ်သည့် ပွဲတော်များတွင် မွန်ရိုးရာအဝတ်အထည်များ ဝင်ရောက်ပြသရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် မွန်ရိုးရာအဝတ်အထည်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို ဒေသတွင်း Supermarket များတွင် ရောင်းချနိုင်ရေး၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းများနှင့် ချိတ်ဆက်ခြင်း၊ Hand Made များကို နိုင်ငံခြားသားများ ကြိုက်နှစ်သက်ကြသဖြင့် ဈေးကွက်ရရှိရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်ခြင်းသည် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များဘက်ကလည်း ဒေသတစ်ခု ထွက်ကုန်တစ်ခုဆီမှသည် ပိုမိုတိုးတက်မှုရှိသည့် ဒေသစီးပွား၊ နိုင်ငံ့စီးပွားရေးဖြစ်လာစေရန် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## လွိုင်လင်မြို့နယ်၌ Snack & Bakery အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**လွိုင်လင် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ပေါ့တွေကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသေးစား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းမှ ဘိန်းစိုက်ပျိုးသည့် မြို့နယ်များတွင် အသေးစား ကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးရေး Snack & Bakery အမျိုးမျိုး ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလင်းထင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ သင်တန်းမှ ရရှိမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားကာ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူကြသည်။

ထို့နောက် သင်တန်းတွင် မုန့်လုပ်နည်း အမျိုးမျိုးနှင့် အခြားအိမ်တွင်းမှု လက်မှုပညာသင်တန်းများ သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းကို ရက်သတ္တပတ်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃၁၀ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ(၉-၉-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၁၀-၉-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၁၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်းဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



စက်တင်ဘာ ၉ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၊ တိုင်းရင်းဆေးရုံနှင့် တိုက်နယ်ဆေးရုံများ၊ အခြေခံပညာကျောင်းများ၌ တပ်နယ်မှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တပ်မတော်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဟိန်းသူနိုင်(ပြန်/ဆက်)

## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် အခွန်ကောက်ခံသည့်စနစ် အသိပညာပေးရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၁၀**

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်ပေးသူများ၏ ရရှိသောဝင်ငွေများအပေါ် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် အခွန်ကောက်ခံသည့်စနစ်နှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)၌ စက်တင်ဘာ ၆ ရက်က ပြုလုပ်သည်။

အသိပညာပေးရှင်းလင်းပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)မှ ဌာနမှူး ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမြင့်က ကျန်းမာရေးစောင့်ရှောက်ပေးသူများ၏ ရရှိသောဝင်ငွေအပေါ် မည်သို့အခွန်နုတ်ယူပေးသွင်းရမည်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

ကိုထက်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်တံတားခရိုင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အိမ်တော်ရာဘုရားဝင်းအတွင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးလွင် ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၉ ရက်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁-၉-၂၀၂၃ ရက်မှအဆက်

“အရင်ကဆိုရင် ထန်းလျက်ကို မြို့ကကုန်သည်ပွဲစားတွေဆီ ထန်းလျက်အတိုင်း သွားရောင်းလိုက်တာပဲ။ အခုတော့ ငွေငွေမြင်တဲ့အတိုင်းပဲ စနစ်တစ်မျိုးပြင်လိုက်တယ်။ အဝယ်ဒိုင်တွေ စားသုံးသူတွေဆီက အော်ဒါရလာရင် အခုလို အကျအနအတွင်းက ပလတ်စတစ်အိတ်ခံ ထန်းလျက်ထည့်ပြီး ကောင်းမွန်စွာ ချုပ်လုပ်ပေးလိုက်တော့ မိုးရာသီမှာဆိုရင် လေလုံနေလို့ စိုမှာ ငိုမှာ မကြောက်ရတော့ဘူး။ အဲ နောက်ပြီး ကျွန်တော်တို့ဆီက ထွက်ကုန်မှန်းလည်းသိအောင် အခုလို အမှတ်တံဆိပ်ရိုက်ပြီး ပေးလိုက်တယ်”

အလုပ်သမားများလုပ်နေသည်ကို ကိုအေးဆွေက လက်ညှိုးထိုး၍ ပြလိုက်ရင်းက ရှင်းပြနေသည်။

“ဒါနဲ့ နေပါဦး ကိုအေးဆွေ၊ ထန်းလျက်တောင်း၊ ထန်းလျက်ပိုမှန်ရင် အချိန်အစိတ်ပဲလား။ ဒီထက် ပိုမိုမထည့်တော့ဘူးလား”

ခင်သန်းငွေသည် အလုပ်သမားများ လုပ်နေသည်ကို စိတ်ဝင်စားစွာ ကြည့်နေရာမှ လှမ်းမေးလိုက်သည်။

“မပိုပါဘူး။ ခြေနိုင် လက်နိုင်ဖြစ်အောင်ဆိုပြီး အချိန်အစိတ်ပဲ ထည့်ထားပါတယ်။ ဒါပေမဲ့ အလျော့တွက်ဆိုပြီး ၅၀ ကျပ်သားတော့ ပိုပြီးထည့်ထားသေးတယ်။ အဲဒီလို ကျွန်တော်တို့က တညီတည်း အတိအကျချိန်ထည့်ပြီး ထုတ်လုပ်လိုက်တော့ ဝယ်ယူစားသုံးတဲ့လူတွေအဖို့ အထူးချိန်တွယ်စရာမလိုတော့ဘူးပေါ့”

ထို့နောက် အခြားတစ်ခန်းသို့ ပြောင်းရွှေ့ကြည့်ပြန်သည်။ ထိုအခန်းတွင်မူ အသက်အရွယ် ခပ်ကြီးကြီး ယောက်ျားကြီးများသည် ထန်းလျက် တစ်ပိဿာဝင်၊ နှစ်ပိဿာဝင်၊ သုံးပိဿာဝင် ထန်းဖူးပုံးလေးများ အဖြစ် ထန်းရွက်နုများဖြင့် ရက်လုပ်လျက်ရှိ၏။ ထန်းဖူးပုံးလေးများကို အစိမ်း၊ အနီ၊ အပြာ၊ အနက်၊ အဖြူ စသည်ဖြင့် ရောင်စုံရောနှော၍ အကွက်ဖော်ကာ ရက်လုပ်ထားကြသည်။ အလွယ်တကူ ဆွဲယူသွားရန်လည်း ဘေးမှ ထန်းလျှော်ကြိုးဖြင့် တပ်ပေးထား၏။

တစ်ဖက်ခန်းတွင်မူ အမျိုးသမီးအတော်များများသည် အလုပ်လုပ်လျက်ရှိ၏။ အမျိုးသမီးအချို့သည် ပလတ်စတစ်အိတ်များတွင် အိတ်အလိုက် ထန်းလျက်အကောင်းစားများကို တစ်ပိဿာ၊ နှစ်ပိဿာ၊ သုံးပိဿာ စသည်ဖြင့် အတိအကျ ချိန်တွယ်ထည့်လျက်ရှိ၏။ ၎င်းထည့်ပြီး ပလတ်စတစ်များကို အမျိုးသမီးအချို့က ဖယောင်းတိုင်မီးများဖြင့် ပိတ်နေသည်။ တစ်ဖန် ၎င်းပိတ်ပြီး ပလတ်စတစ် ထန်းလျက်အိတ်များကို အချို့အမျိုးသမီးများက လုပသော ရောင်စုံ “ထန်းဖူးပုံးလေး” များထဲသို့ ထည့်သွင်းလိုက်ကာ အဖုံးများကိုရက်လုပ်၍ ပိတ်ကြသည်။ ထို့နောက် ကျန်အမျိုးသမီးအချို့က ၎င်းထန်းဖူးပုံးလေးများ ဘေးတွင် လက်တစ်ဝါးခန့်ရှိ ကုန်အမှတ်တံဆိပ်စာရွက်လေးများကို ကော်ဖြင့်ကပ်နေကြသည်။

အားလုံးသော အမျိုးသမီးများလည်း စီတန်းပြီး မျက်နှာချင်းဆိုင် နေရာယူကာ အလုပ်လုပ်လျက်ရှိသည်။ တစ်ဦးလုပ်ပြီးသောအလုပ်ကို နောက်တစ်ဦးက ဆက်လက်ကမ်းယူ ဖြည့်စွက်၍ အဆင့်ဆင့် ပြုလုပ်သွားရာ နောက်ဆုံးတွင် အဆင်သင့်ဆွဲယူသွားနိုင်ရန် ကုန်အမှတ်တံဆိပ်ကပ်ပြီး ထန်းလျက် ထန်းဖူးပုံးလေးများအဖြစ် ထွက်လာသည်။

“ဘယ်လိုလဲ ငွေငွေ။ ထန်းလျက်ကောင်း ဝယ်ယူစားသုံးသူတွေအဖို့ အလွယ်တကူ သယ်ဆောင်သွားနိုင်အောင်၊ သန့်ရှင်းမှုလည်းရှိအောင်၊ နောက်ပြီး ထန်းလျက် စိုခြင်း ငိုခြင်းဘေးကလည်းကင်းအောင်၊ ရောင်းပန်းလည်းလှအောင် ဒီလို စနစ်တကျ ထုတ်လုပ်ရတာပဲ”

ကိုအေးဆွေသည် ထန်းလျက် တစ်ပိဿာဝင် ထန်းဖူးပုံးလေး တစ်ပုံးကို ကောက်ယူဆွဲပြရင်း ခင်သန်းငွေအား ရှင်းပြသည်။ ခင်သန်းငွေကမူ ကိုအေးဆွေ ရှင်းပြသွားသည်ကို တစ်ဖက်က နားထောင်ရင်း မျက်လုံးများက အလုပ်သမားများ သွက်လက်ကျွမ်းကျင်စွာ လုပ်ကိုင်သွားကြသည်ကို စိတ်ဝင်စားစွာဖြင့် ကြည့်နေသည်။

“မမငွေနှယ်၊ သလိုထည့်ပြီး ထဖူးပုံးလေးတွေနဲ့ ထညက်ဆိုရင် သိပ်ပြီးရောင်းကောင်းတာပဲ။ ကျောက်ပန်းတောင်းဈေးထဲက ဆိုင်တွေကိုဆိုရင် မနိုင်နိုင်လောက်အောင် ဖောက်သည်ပေးနေရတယ် မမငွေရဲ့”

ထွေးရီက ဝင်ရောက်၍ အားရပါးရ ပြောပြလိုက်သည်။

ထို့နောက် ခင်သန်းငွေသည် ထုတ်လုပ်ပြီး အဆင်သင့်ဖြစ်နေသော ထန်းဖူးပုံးလေးတစ်ခုကို သေချာစွာကိုင်ကြည့်ရင်း အမှတ်တံဆိပ်အားလည်း ဂရုစိုက်ကြည့်၏။ ထန်းသမားတစ်ယောက်သည် ထန်းပင်ပေါ်သို့တက်နေပုံ၊ လုံမပျိုတစ်ယောက်က ထန်းပင်အောက်တွင် မြအိုးကောက်နေပုံဖြစ်သည်။ နောက်ပြီး ထန်းလျက်၏ အမျိုးအမည်ဖြစ်သော “ရေမထိထန်းလျက်” ဟူသောအမည်နှင့် “အချိန် ၂ ပိဿာ၊ ကျောက်ပန်းတောင်းမြို့၊ လက်ပံပင်ကျေးရွာ၊ စုပေါင်းထန်းလုပ်ငန်း၊ ထန်းလျက်ထုတ်လုပ်ရေးဌာနမှ ထုတ်လုပ်သည်” ဟူသော စာတန်းများ ရိုက်နှိပ်ထားသည်ကို တွေ့ရသည်။

“အင်း၊ ဒီအမှတ်တံဆိပ်ဟာ ဒီလုပ်ငန်းနဲ့ သိပ်ဟပ်မိပြီး သဘာဝအကျဆုံး အမှတ်အသားတစ်ခုပဲနော်” ဟု ခင်သန်းငွေက စိတ်ထဲတွင်ရှိသည့်အတိုင်း ချီးကျူးလိုက်သည်။

“အဲဒါဟာလေ ကိုရင်ဆွဲတာပေါ့။ ကိုရင်က တံဆိပ်လုပ်တဲ့လူကို နမူနာဆွဲပြပြီးမှ မှာယူအလုပ်ခိုင်းတာ မမငွေရဲ့”

ထွေးရီက သူ့ကိုရင်အတွက် ဂုဏ်ယူကာ ဝင့်ကြွားစွာဖြင့် ပြောလိုက်၏။ ကိုအေးဆွေကိုမူ ပြုံး၍သာနေ၏။

“ဒီအခန်းထဲမှာရှိတဲ့ ကုန်ပစ္စည်းတွေက ဘာလုပ်တာလဲ၊ ဈေးဆိုင်လားဟင်”

နောက်အခန်းတစ်ခုသို့အရောက်တွင် ခင်သန်းငွေက မေးလိုက်၏။ အခန်းထဲတွင် ဆန်အိတ်များ၊ ဆီပုံးများ၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ ဆပ်ပြာခဲ၊ ဆေးလိပ်၊ မီးခြစ်၊ ဖယောင်းတိုင်မှအစ အထည်အလိပ်၊ စည်သွတ်ဘူးများအထိ ကုန်ပစ္စည်းအတော်စုံစုံလင်လင် ရှိလေသည်။

“ဒါ ကျွန်တော်တို့ စုပေါင်းလုပ်ငန်းရဲ့ သမဝါယမအသင်းဆိုင်ပေါ့။ ကျေးရွာလလသသရဲ့ လက်အောက်ခံဆိုင်ခွဲလေ။ အရင်တုန်းကတော့ ဒီဘုံထန်းတောနယ်မြေမှာရှိတဲ့ လူတွေဟာ ကျောက်ပန်းတောင်းမှာပဲ ကိုယ်ကြိုက်သလို ဝယ်ယူစားသုံးကြတယ်။ အခုတော့ အများရဲ့တိုက်တွန်းချက်အရ အခုလို ဒီဆိုင်ကို ဖွင့်လိုက်တာပဲ။ ခုဆိုရင် ဒီကဝယ်ယူစားသုံးတဲ့သူတွေအဖို့ ဈေးအများကြီး သက်သာသွားတာပေါ့။ ကုန်ပစ္စည်းလည်း အိမ်တိုင်ရာရောက်ဝယ်ရသလို အချိန်ကုန်လည်း သိပ်သက်သာတယ်။ အဖွဲ့ဝင်တွေဆိုရင် အချိန်မရွေး ကြွေးယူရတယ်။ နောက် လုပ်ခ ရမှဆပ်ရုံပဲ”

ခင်သန်းငွေမှာ တစ်ခုပြီးတစ်ခု တွေ့မြင်လိုက်ရတိုင်း မိမိထင်မြင်သည်ထက် အောင်မြင်နေသည်ကို တွေ့မြင်နေရသဖြင့် အံ့သြ၍သာနေရတော့သည်။ ယင်းသို့ ကိုအေးဆွေတွင် ခေါင်းဆောင်သွားနိုင်မှု၊ စီမံခန့်ခွဲ ထိန်းသိမ်းသွားနိုင်မှု၊ တိုးတက်သော အယူအဆများဖြင့် ပြုပြင်ပြောင်းလဲတီထွင်လိုမှု၊ ကြိုးပမ်းလိုမှု စသောအရည်အသွေးများရှိသည်ကို မျက်ဝါးထင်ထင် မြင်လာရသောအခါ ကိုအေးဆွေအား အထင်ကြီးလာသည်။ အလိုလို လေးစားမြတ်နိုးစိတ်များက ရင်ထဲဝယ် တဖွားဖွားပေါ်လာတော့သည်။

ထိုအခိုက် သံချောင်းသံ သုံးချက်တိတိ ခေါက်လိုက်သံကို ကြားလိုက်ရသည်။ ထိုအသံကြားသည်နှင့်တစ်ပြိုင်နက် ထွေးရီသည် ခင်သန်းငွေအား နှုတ်ဆက်၍ ထွက်သွားလေသည်။

“ဒါ၊ ဒါ၊ ဘယ်ကခေါက်တဲ့ သံချောင်းသံလဲ။ နာရီသံချောင်းသံလားဟင်”

ခင်သန်းငွေသည် သူ့လက်မှနာရီကို ကြည့်လိုက်ရင်းက ကိုအေးဆွေအား မေးလိုက်၏။ သူ၏ နာရီသည် သုံးနာရီထိုးနေပေပြီ။

“နာရီသံချောင်းသံဆိုလည်း ဟုတ်ပါတယ်။ တကယ်တော့ အလုပ်ဆင်းတဲ့ အချက်ပေးသံချောင်းပေါ့”

“ဟင်၊ ဟိုအဆောက်အအုံတွေထဲမှာ လူတွေ အလုပ်ဆင်းနေကြတယ်မဟုတ်လား”

ခင်သန်းငွေက နားမလည်သလို ပြန်မေးလိုက်သည်။

“ဪ၊ ငွေငွေကလည်း ထန်းပိုင်ရှင်သမီးပီပီ ထန်းသမား လုပ်ငန်းအကြောင်း နားမလည်ရှာပဲကိုး” ဟု ကိုအေးဆွေက ရယ်မော၍ ပြောလိုက်ရင်း ခင်သန်းငွေကို တစ်ချက်စိုက်ကာ ကြည့်လိုက်သည်။ ခင်သန်းငွေကလည်း မချိုမချဉ်မျက်နှာလေးဖြင့် ကိုအေးဆွေကိုပြန်၍ ဖျတ်ခနဲကြည့်ရင်း မျက်စောင်းလေးတစ်ချက် ထိုးလိုက်သည်။ ထိုအခါဝယ် ကိုအေးဆွေ၏ရင်ထဲ၌ ဖိုခနဲဖြစ်သွားသည်။

“ကျွန်တော်တို့ ထန်းသမားတွေမှာ ထန်းလုပ်ငန်းနဲ့ပတ်သက်လို့ အပိုင်းနှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းက ကုန်ကြမ်းထုတ်လုပ်တဲ့အပိုင်း၊ နောက်တစ်ပိုင်းက ကုန်ချောအဖြစ်ထုတ်လုပ်တဲ့ အပိုင်းရယ်လို့ရှိတယ်။ ပထမအပိုင်းက ထန်းတက်ကိရိယာဖြစ်တဲ့ရင်းထောင်၊ ရင်းဆွဲ ပြင်တာကအစ ထန်းပင်မှ ထန်းရည်များ ထွက်လာအောင် ပြင်တာ ဆင်တာ။ နောက် အရည်ရအောင် တက်လှီးတာ။ တစ်ခါရလာတဲ့ ထန်းရည်ကို အကောင်းအဆိုးရွေးချယ်ပြီး ထန်းရည်စစ်ယူတာက အစ ကျိုမယ့်ဒယ်အိုးထဲရောက်တဲ့အထိပေါ့။ ဒါဟာ ကုန်ကြမ်းထုတ်လုပ်တဲ့ အပြင်လုပ်ငန်း ပထမအပိုင်းပဲ။

“နောက် ဒုတိယအပိုင်းကတော့ အိုးထဲရောက်လာတဲ့ ထန်းရည်တွေကို လုပ်ချင်တဲ့ထန်းလျက်အမျိုးအစားတွေဖြစ်လာအောင် စနစ်တကျ ခွဲထုတ်ကျိုချက်ယူရတယ်။ တစ်ခါ ရလာတဲ့ထန်းလျက်တွေကို အမျိုးအစားခွဲခြားပြီး စောစောက ငွေငွေမြင်ခဲ့ရသလို တောင်း၊ ပို၊ ပုံးတွေထဲမှာထည့်ပြီး အမှတ်တံဆိပ်ကပ်ပြီးတဲ့အထိ ဝယ်ယူစားသုံးသူတွေ အလွယ်တကူ သယ်ယူသွားနိုင်အောင် ထုတ်လုပ်ရတယ်။ အဲသည့်အပိုင်းဟာ အတွင်းလုပ်ငန်း ဒုတိယအပိုင်းပဲ”

“ဒီလောက်တော့ ကိုအေးဆွေ ပြောမှတဲ့လား။ ငွေလည်း နားလည်ပါတယ်လေ။ ခု သံချောင်းခေါက်တာနဲ့ ဘာဆိုင်လို့လဲရှင့်” ဟု ခင်သန်းငွေက မေးလေထိုးကာ ငေါ့တော့တော့ပြောလိုက်၏။

“ဆိုင်ပြီလားဗျာ။ အဲဒီတော့ ခုတင်ကခေါက်တဲ့ သုံးနာရီ သံချောင်းသံဟာ အပြင်လုပ်ငန်းဖြစ်တဲ့ ထန်းတက်အလုပ်သမားတွေ၊ မြူအိုးကောက်တဲ့ အလုပ်သမတွေတွက် အလုပ်ဆင်းချိန်ပေါ့။ တစ်ခါ အလုပ်သိမ်းသံချောင်းဆိုလည်း ဟုတ်တယ်။ ခုဆိုရင် ဟိုအဆောက်အအုံတွေထဲက အလုပ်လုပ်နေတဲ့ အတွင်းလုပ်ငန်း အလုပ်သမားတွေဟာ အလုပ်သိမ်းကြပြီ။ တချို့က သက်ဆိုင်ရာအလုပ်ကို ဆက်လုပ်တယ်။ အချို့ကတော့ ကိုယ့်အိမ်ကိုယ်ပြန်ပြီးတော့ ရေချပ်၊ ထမင်းချက်၊ အနားယူကြပေါ့။ သဘောကတော့ နေ့လယ်ပိုင်း အလုပ်သိမ်းပြီး သက်ဆိုင်ရာလူများက ညနေပိုင်း အလုပ်လုပ်ကြပေါ့ ဆိုတဲ့ အချက်ပေး နာရီသံချောင်းပေါ့ဗျာ”

“ဪ၊ ဒီလိုလား”

**ဆက်လက်ဖော်ပြပါမည်။**

**“ဪ၊ ငွေငွေကလည်း ထန်းပိုင်ရှင်သမီးပီပီ ထန်းသမားလုပ်ငန်းအကြောင်း နားမလည်ရှာပဲကိုး” ဟု ကိုအေးဆွေက ရယ်မော၍ပြောလိုက်ရင်း ခင်သန်းငွေကို တစ်ချက်စိုက်ကာကြည့်လိုက်သည်။ ခင်သန်းငွေကလည်း မချိုမချဉ်မျက်နှာလေးဖြင့် ကိုအေးဆွေကိုပြန်၍ ဖျတ်ခနဲကြည့်ရင်း မျက်စောင်းလေးတစ်ချက်ထိုးလိုက်သည်။ ထိုအခါဝယ် ကိုအေးဆွေ၏ရင်ထဲ၌ ဖိုခနဲဖြစ်သွားသည်။ “ကျွန်တော်တို့ထန်းသမားတွေမှာ ထန်းလုပ်ငန်းနဲ့ပတ်သက်လို့ အပိုင်းနှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းက ကုန်ကြမ်းထုတ်လုပ်တဲ့အပိုင်း၊ နောက်တစ်ပိုင်းက ကုန်ချောအဖြစ် ထုတ်လုပ်တဲ့အပိုင်းရယ်လို့ရှိတယ်။”**

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 6 Lesson 2 : Healthy habits

**Read the following dialogue and fill in the blanks with the suitable words given below.**

| fine | take | after | rest | home |
|---|---|---|---|---|
| do | do | from | to | by |

Zu Zu: Hello! How do you ___(1)___?

Phu Phu: I am fine. What about you?

Zu Zu: I'm __(2)__ too. I want to know about your daily life.

Phu Phu: It's my pleasure. My daily life starts rising from bed at 6: 30 a.m.

Zu Zu: Then, what do you __(3)___?

Phu Phu: After getting fresh I take a snack and sit to study.

Zu Zu: When do you __(4)___ your bath?

Phu Phu: At 9: 00 a. m. Then, __(5)__ having my breakfast I start for school at 9: 30.

Zu Zu: When do you return __(6)__ school?

Phu Phu: At about 4:00 p.m. Then I get fresh, take my meal and a little _(7)__.

Zu Zu: Don't you go __(8)__ the playground?

Phu Phu: Oh, yes. I play for about half an hour. Then I return __(9)___, say my prayer and again sit to work on reading table.

Zu Zu: What is your time to go to bed?

Phu Phu: I go to bed usually __(10)___ 11:00 p.m.

Zu Zu: Thank you very much.

Phu Phu: You're welcome.

### Writing

**(A) Fill in the blanks with a suitable word form.**

(1) We need to exercise and play outside to be (health) ________ and strong.

(2) We should brush our teeth (regular) _____, every morning and before bedtime.

(3) His shirt is (dirt) _______ and wet.

(4) We wear helmets when riding bikes to keep our heads (save) ______.

(5) He eats a lot. He is a big (eat) ________.

**(B) Supply the correct form of the verb given the brackets.**

(1) (cover) Flood water _________ the fields near the river.

(2) (eat) I _________ Mohinga for breakfast this morning.

(3) (exercise) You should _________ regularly.

(4) (wear) She always ________ a mask when she goes out.

(5) (drink) In the morning, I usually _______ a glass of milk with my breakfast.

**(C) Rearrange the following words in the correct order to make a sentence.**

(1) a / sleep / hours / I / eight / . / night /

(2) should / eat / We / food / . / healthy /

(3) ? / water / you / How / drink / do / much/ a / day /

(4) regularly / exercise / should / . / I /

(5) often / You / wash / should / hands /. / your/

* * * * * * * * * * * * * *

*Answers:*

*Lesson 2: Healthy habits*

*(1) do (2) fine (3) do (4) take (5) after (6) from (7) rest (8) to (9) home (10) by*

*Writing*

*(A) (1) healthy (2) regularly (3) dirty (4) safe (5) eater*

*(B) (1) covered (2) ate (3) exercise (4) wears (5) drink*

*(C) (1) I sleep eight hours a night. (2) We should eat healthy food. (3) How much water do you drink a day? (4) I should exercise regularly. (5) You should often wash your hands.*

* * * * * * * * * * * * * * *

## Grade 6

### Unit 4 Lesson 3: Talking about habits and routines

**I. Complete the sentences with the correct words given below.**

| swimming | running a marathon | cycling |
|---|---|---|
| weightlifting | travelling | |

1. I enjoy ____ in the park on sunny weekends.
2. Every summer, my family and I go _____ at the beach.
3. Zaw Gyi trained for months to prepare himself for _____.
4. Tom enjoys _______ as a way to build strength and increase muscle mass.
5. I love _____ to new places and experiencing different cultures.

**II. Say "So do I" or "Neither do I" if you agree the statement or "Oh, really? I love it" if you disagree the statement.**

e.g. I like milk. What about you?
So do I (or) I do too. (You agree)

e.g. I don't like milk. What about you?
Neither do I. (You agree)

e.g. I dislike cycling.
Oh, really? I love it. (You disagree)

1. I love chocolate ice cream.
   __________________.
2. I don't enjoy waking up early in the morning.
   __________________.
3. I really enjoy watching romantic comedies.
   __________________.
4. I can't stand spicy food.
   __________________.
5. I love going to the beach.
   __________________.
6. I'm not a fan of horror movies.
   __________________.
7. I enjoy playing tennis.
   __________________.
8. I don't like pineapple on pizza.
   __________________.
9. I love listening to classical music.
   __________________.
10. I'm not a big fan of shopping.
   __________________.

**III. Put the words in brackets ( ) in the right place in these sentences.**

1. Father works late at the office. (sometimes)
2. Ko Ko plays golf. (twice a month)
3. I eat Monhinga for breakfast. (every day)
4. We watch the TV. (usually)
5. My father gives me pocket money. (once every two days)

**************

*Ans: Lesson 3: Talking about habits and routines*

*I. 1. cycling; 2. swimming; 3. running a marathon; 4. weightlifting; 5. travelling;*

*II. 1. So do I. 2. Neither do I. 3. I do too. 4. Oh, really? I love it. 5. So do I. 6. Neither do I. 7. I do too. 8. Neither do I. 9. So do I. 10. Oh, really? I love it.*

*III. 1. Father sometimes works late at the office. 2. Ko Ko plays golf twice a month. 3. I eat Monhinga for breakfast every day. 4. We usually watch the TV. 5. My father gives me pocket money once every two days.*

*************

## Grade 7

### Unit 4 Lesson 2: A Holiday in Mandalay

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Summer h________ usually begin in March.
2. One of my favourite places to visit is b_______. It feels so fresh, cool and relaxed.
3. He moved to a little village in the c_______.
4. He is an old f_____________ of mine.
5. The guide led a t__________ of the old city.

**II. Supply the correct form of the words given in brackets.**

1. (friend) Their daughters are very _________.
2. (relax) Some people travel for __________.
3. (excite) There was great _______about the new movie.
4. (know) He became one of the best _____ actors.
5. (travel) Nowadays people like ____ on foot.

**III. Supply the correct form of the verbs given in brackets.**

1. (stay) We ___________ at the luxury hotel when we were in Bagan.
2. (travel) I _____________ all day.
3. (meet) He _______________ us at the restaurant last week.
4. (gain) We ___________ knowledge from reading and travelling.
5. (pass) I think he ______________ the exam.

**IV. Answer the questions.**

1. Why do people love to go to somewhere on a holiday?
2. When did the writer go for a holiday in Mandalay?
3. Who did the writer go with?
4. How did the writer travel to Mandalay?
5. What time did they leave for Mandalay and what time did they arrive?

******************

*Ans:*

*Lesson 2: A Holiday in Mandalay*

*I. 1. holidays; 2. beach; 3. countryside; 4. friend; 5. tour;*

*II. 1. friendly; 2. relaxation; 3. excitement; 4. known; 5. travelling;*

*III. 1. stayed; 2. travelled; 3. met; 4. gain; 5. will pass;*

*IV. 1. People love to go to somewhere on a holiday just for rest and relaxation, health, excitement or meeting new people, etc. 2. The writer went for a holiday in Mandalay last December. 3. The writer went with his family. 4. The writer went to Mandalay by train. 5. They left for Mandalay in the morning and arrived in Mandalay quite late in the evening.*

**************************

## Grade 8

### Unit 4 Lesson 3: The best of the best

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Bagan is f_____________ for its thousands of pagodas.
2. The local people are very f____________ to us.
3. Our teacher is k___________ and patient to her students.
4. The driver is r______________ for the passengers onboard.
5. Phyo Kyaw is a g________ friend who always shares his snacks and toys with others.

**II.Complete each sentence with the superlative form of the adjectives given below.**

| generous | beautiful | patient |
|---|---|---|
| talkative | popular | |

1. My mother never stops talking. She is the ___________ person in my family.
2. Hla Thuzar has a smiling face. She is the _____________ girl in the class.
3. U Thukha donates much money. He is the _____________ man I have ever met.
4. Daw Swe Swe is a good teacher. She is the ______________ woman in our school.
5. We play football. It is the ________________ game in the world.

**III.Translate the following sentences into English.**

1. အောင်အောင်သည် အတန်းထဲတွင် အတော်ဆုံး ကျောင်းသားဖြစ်သည်။ (smart)
2. မင်းသူသည် ဖော်ရွေမှုအရှိဆုံး သူငယ်ချင်း ဖြစ်သည်။ (friendly)
3. ဖြူဖြူသည် အတန်းထဲတွင် အလှဆုံး မိန်းကလေး ဖြစ်သည်။
4. မောင်မောင်သည် အတန်းထဲတွင် စကားအများဆုံး ကျောင်းသားဖြစ်သည်။
5. မေမေသည် ကျွန်တော့်ဘဝတွင် ကြင်နာမှုအရှိဆုံး အမျိုးသမီးတစ်ဦးဖြစ်သည်။

* * * * * * * * * * * * * * *

*Ans:*

*Unit 4 Lesson 3: The best of the best*

*I. 1. famous; 2. friendly; 3. kind; 4. responsible; 5. generous;*

*II. 1. most talkative; 2. most beautiful; 3. most generous; 4. most patient; 5. most popular;*

*III. 1. Aung Aung is the smartest student in the class. 2. Min Thu is the friendliest friend. 3. Phyu Phyu is the most beautiful girl in the class. 4. Maung Maung is the talkative student in the class. 5. Mother is the kindest person in my life.*

*****************

## Grade 9

### Unit 4 Lesson 3 : What did you do yesterday?

**I. Fill the blanks with the appropriate question words to make questions for the answers in brackets.**

1. ________ was your best friend? (Ko Lin)
2. ________ was your favorite color? (Blue)
3. _______ did you live? (in Yangon)
4. ______ was your birthday? (on 28th December)
5. ________ did you like ice cream? (because it is delicious.)
6. ________ did you learn? (Chinese)
7. ________ toy was this? (Ko Ko's)
8. ________ did you play with? (with Zin Zin)
9. ________ did you solve the puzzle? (by carefully putting the pieces together)
10. _________ did you play yesterday? (football)
11. ________ did you eat for lunch yesterday? (rice and chicken curry)
12. ______ did you go on your last vacation? (Pyin Oo Lwin)
13. ______helped you with your homework yesterday?(Ma Lay)
14. ______ did you want to be when you grew up?(a doctor)
15. ________ did you go to bed last night? (at 9 o'clock)
16. _______ was it important to brush your teeth? (to keep them clean and healthy)
17. ________ did you come to school? (by bus)
18. ________ did you see him this morning? (at 7 o'clock)

**II. Fill in the blanks with the correct past tense form of the verbs given in brackets:**

1. I ________ (buy) a new watch yesterday.
2. She _______ (see) him on the bus this morning.
3. He _______ (do) homework last night.
4. They _________ (come) here two weeks ago.
5. Min Min _______ (go) for a walk two hours ago.
6. Yesterday, I _________ (play) soccer with my friends.
7. She _________ (watch) a movie last night.
8. They _________ (visit) their grandparents on the weekend.
9. We _________ (eat) pizza for dinner yesterday.
10. He _________ (clean) his room yesterday morning.

**III. Rewrite the following sentences in the past tense:**

1. They eat much rice. ___________________________.
2. Moe Moe teaches English. _______________________.
3. Soe Thu acts in the film. _______________________.
4. Maung Tu reads the newspaper. __________________.
5. I play tennis. ___________________________.
6. She goes to the park. ___________________________.
7. They have breakfast at 8 o'clock. ______________________.
8. We see a movie every Friday. ______________________.
9. He helps his mother with the chores. ____________________.
10. Lwin Lwin buys meat and fish. ______________________.

**IV. Write sentences in the forms of Past Simple Tense, using the verbs given in bracket.**

1. (went)
______________________________________________.
2. (ate)
______________________________________________.
3. (saw)
______________________________________________.
4. (did)
______________________________________________.
5. (swam)
______________________________________________.
6. (ran)
______________________________________________.
7. (gave)
______________________________________________.
8. (took)
______________________________________________.
9. (drove)
______________________________________________.
10. (broke)
______________________________________________.

****************

Ans:

Unit 4 Lesson 3: What did you do yesterday?

I. 1.Who; 2. What; 3. Where; 4. When; 5. Why; 6. What language; 7. Whose; 8. Who; 9. How; 10. Which; 11. What; 12. Where; 13. Who; 14. What; 15. When; 16. Why; 17. How; 18. What time;

II. 1. bought; 2. saw; 3. did; 4. came; 5. went; 6. played; 7. watched; 8. visited; 9. ate; 10. cleaned;

III. 1. They ate much rice. 2. Moe Moe taught English. 3. Soe Thu acted in the film. 4. Maung Tu read the newspaper. 5. I played tennis. 6. She went to the park. 7. They had breakfast at 8 o'clock. 8. We saw a movie every Friday. 9. He helped his mother with the chores. 10. Lwin Lwin bought meat and fish.

IV. 1.I went to market today. 2. I ate fried rice for dinner. 3. I saw him on the bus. 4. She did housework. 5. I swam in the sea. 6. He ran fast. 7. Father gave me pocket money. 8. She took my umbrella. 9. U Ba drove to office. 10. My brother broke my glasses.

****************

## Grade 12

### Unit 4 EMOTIONAL WELL–BEING

**III.Rewrite the sentence according to the instructions given in brackets. (10 marks)**

1. Father was exhausted. He went to bed early. (Join the sentences, using appropriate "Subordinating conjunction".)
2. He is not her husband. He spoke to her. (Join the sentences, using "as if / as though".)
3. We should eat fruits and vegetables more and more to have a balanced diet. (Use "introductory phrase".)
4. They ate much rice. They were very hungry. (Join the sentences, using linking word "because".)
5. Everyone will agree that she is the most talented artist. It doesn't matter who you ask. (Join the sentences, using "No matter who…".)
6. After she had studied diligently, she passed the exam. (Join the sentences using participle phrase.)
7. Our dedication will lead us to success. (Use "It is/ was … who/ that…".)
8. He is a talented singer. He plays many musical instruments. (Use "not only … but also".)
9. I grew up in the house. It has been renovated. (Join the sentences using suitable relative pronoun.)
10. I study diligently every day. I can improve my grades in school. (Join the two sentences using "so that")

**IV (A) Write the appropriate words or phrases to complete the lines of verse. (5 marks)**

1. Happy the man, whose wish and care
A few ________________,
2. Content to ________________,
In his own ground
Whose herds with milk, whose fields with bread,
3. Whose ________________with attire;
Whose trees in summer yield him shade,
In winter fire
4. Blest, who can unconcern'dly find
Hours, days, and years ____________
5. In health of body, ________________,
Quiet by day,

**IV. (B) Answer the questions in complete sentence. (5 marks)**

6. What does emotion mean?
7. What feelings does emotional well-being bring?
8. When do we get disappointed, worried, or distressed?
9. What do we need to possess to enjoy a better quality of life?
10. What do these lines mean?

**But once inside you can ride**
**A camel or a train,**

**V.(1) Read the passage. (Seen Passage)**

**1. Definition of emotion**

Emotion means a strong human feeling such as love, hatred, anger or fear. Emotions are part of the human nature that consists of a range of feelings, which have a considerable impact on our lives. For example, people – family members, neighbours, friends and other acquaintances – are mystically connected by a feeling of friendship, kindness or love.

**2.Types of emotions**

❖ Emotions can be classified into two main types: positive and negative. Examples of positive emotions include delight, joy, sympathy, empathy, rapture, trust and love, whereas negative emotions are feelings like anger, fear, anxiety, jealousy, grief, greed and hatred. It is only natural that our lives are touched by both positive and negative feelings.

❖ In order to have a proper understanding of our emotions, let us now look at a few basic emotions that we experience in daily life.

❖ Joy is a feeling of great happiness that can be induced by the simplest things, like a kind word, a beautiful mountain view or an interesting shop window. This can be said to be the most positive emotion and a great motivator. Thus, we actively would like to repeat the activities that bring us joy.

**(A)Write the correct word or words to complete each sentence. (5 marks)**

1. ___________ refers to the concept of strong human feelings such as love, hatred, anger, or fear.
2. The impact of emotions on our lives is _________.
3. A ________ experiences strong feelings like love, hatred, anger, or fear.
4. We can have emotions into two main types: _____________.
5. Positive and negative feelings naturally _________ our lives.
6. One can find _________ in the experience of great happiness induced by the simplest things.

**(B)Answer each question in one sentence. (5 marks)**

1. What does the term "emotion" refer to?
2. What are some examples of strong human emotions?
3. How do emotions impact our lives?
4. Can you provide examples of emotions that have a considerable impact on our lives?
5. How can emotions be classified?
6. What are some examples of positive emotions?
7. What are some examples of negative emotions?
8. How are positive emotions defined?
9. How are negative emotions defined?
10. What is joy?
11. What are some examples of things that can induce joy?
12. How can joy be described?
13. What are some simple things that can bring about joy?
14. Why is joy considered the most positive emotion?

****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်ပိုစတာပြပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မုဒုံ စက်တင်ဘာ ၁၀

စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မုဒုံမြို့နယ်တွင် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်ပိုစတာပြပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် မွန်ပြည်နယ် အမှတ် (၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု ရဲမှူးမိုးဦးက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အကြောင်းအရာများ၊ မွန်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် လူကုန်ကူးမှုဖြစ်စဉ်အကြောင်းအရာများနှင့် လူကုန်ကူးမှုကြုံတွေ့လာပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် အခြေခံပညာ အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ် အမှတ်(၉)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှ ရဲမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးရုံးမှတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြပြီး လူကုန်ကူးမှုတားဆီး ကာကွယ်ရေး အသိပညာပေး နံရံကပ်ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)အလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းခြင်းနှင့် အထူးအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)အလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းခြင်းနှင့် အထူးအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ YUZANA HOTEL ၌ ကျင်းပရာ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်များမှတက်ရောက်လာကြသောဥက္ကဋ္ဌများက မိတ်ဆက်ကြပြီး ရွေးချယ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ပြည်နယ်နှင့်ခရိုင်များဖြင့်ဖွဲ့စည်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီးရွေးချယ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်များဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## လှည်းကူးမြို့နယ်၌ ဧည့်မထဆန်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေး

လှည်းကူး စက်တင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ကုန်ဈေးနှုန်းများ တည်ငြိမ်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ မြို့မဈေးရှေ့နှင့် ပြည်တော်သာရပ်ကွက်ကန်သာယာရှေ့တို့တွင် ပြည်သူများအား ဆန်များကို သက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက် ၇နာရီက ရောင်းချပေးလျက်ရှိသည်။



ဒေသနေပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဆန်များရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များက ဦးဆောင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြု ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ ဒေသခံပြည်သူများ၊ မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဆန်များရောင်းချပေးရာတွင် လူတစ်ဦးလျှင် ဧည့်မထဆန်လေးပြည်နှုန်း ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဆန်အိတ်ပေါင်း ၂၅၀ ကို ပြည်သူ ၁၅၀၀ အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သိန်းဝင်း ဦးစီး၍ တပ်ဖွဲ့ဝင်အင်အား ၃၆ ဦးတို့က နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် စက်တင်ဘာ ၉ ရက် နံနက် ၆ နာရီတွင် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကျော်စိုးမိုး



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်တွင် မြောင်းမြခရိုင်စီမံအုပ်ချုပ်အဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေး၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးထက်အောင်၊ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်ရွှေ၊ မြောင်းမြ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်စိုး၊ မြောင်းမြမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးအုန်းသိန်းတို့ ဦးဆောင်၍ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဝေဝေ(မြောင်းမြ)

### ❂ ကျောဖုံးမှ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းနှင့် အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်တို့ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။

မိုး/ဇလ

■

### ❃ မိုးစပါးမှ

အဆိုပါ ကင်းတားရေလှောင်တမံမှ လက်ဝဲမြောင်း၊ လက်ယာမြောင်းနှင့် ပန်းလောင်မြောင်းရေသောက်စနစ်သုံးခုတွင် မိုးစပါး ၈၃၄၂၇ ဧကနှင့် အခြားသီးနှံ ၁၃၃၈၂ ဧကတို့အတွက် စိုက်ပျိုးရေပေးဝေရန် လျာထားခဲ့ပြီး ဇွန် ၂၀ ရက်မှစတင်၍ အုပ်စုအလိုက် ရေလှည့်စနစ်ဖြင့် ရေပေးဝေစိုက်ပျိုးခဲ့ရာ ယနေ့အချိန်ထိ စိုက်ပျိုးပြီးစီးမှုမှာ မိုးစပါး ၇၇၂၀၆ ဧကနှင့် အခြားသီးနှံ ၄၆၄၁ ဧက စုစုပေါင်းစိုက်ဧက ၈၁၈၅၇ ဧကတို့ကို စိုက်ပျိုးပြီးဖြစ်၍ လျာထားဧက၏ ၈၅ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**ဘက်စုံရေလှောင်တမံ**

“မြစ်သားမြို့နယ် အတွင်းမှာရှိတဲ့ ကင်းတားရေလှောင်တမံဟာ နှစ်စဉ်စိုက်ပျိုးသီးနှံတွေကို စိုက်ပျိုးရေပေးဝေလျက်ရှိတဲ့ တမံဖြစ်ပြီး ဒေသတွင်းသောက်သုံးရေရဲ့ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးတို့အပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတို့ကိုပါ အကျိုးပြုလျက်ရှိတဲ့ ဘက်စုံရေလှောင်တမံတစ်ခုဖြစ်ပါတယ်။ ကင်းတားရေလှောင်တမံမှ ကျောက်ဆည်ခရိုင်အတွင်းရှိတဲ့ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့နယ်တွေနဲ့ မိတ္ထီလာခရိုင်အတွင်းမှာရှိတဲ့ ဝမ်းတွင်းမြို့နယ်တို့ရှိ ရေသောက်ဧကတွေကို ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် နွေစပါးဧက ၁၇၃၀ နဲ့ အခြားသီးနှံ ၃၆၆၄၅ ဧကကျော်ကို စိုက်ပျိုးဖို့ လျာထားခဲ့ပြီးတော့ နွေစပါး ဧက ၂၄၇၀ နဲ့ အခြားသီးနှံ ၄၈၈၈၃ ဧကတို့ကို လျာထားဧကထက် ပိုမိုကျော်လွန်ပြီးတော့ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါတယ်” ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ပိုမိုသိုလှောင်ထားရှိ**

မန္တလေးတိုင်းဒေသကြီး၏ စားနပ်ရိက္ခာဖူလုံရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသော ကင်းတားရေလှောင်တမံ၏ လက်ရှိရေသိုလှောင်မှုမှာ ရေပမာဏ ဧကပေ ၄၆၈၃၀၀ ရှိပြီး ယခင်နှစ်ကာလတူထက် ဧကပေ ၁၁၀၀၀၀ ကျော် ပိုမိုသိုလှောင်ထားရှိနိုင်ပြီး မိုးသီးနှံလျာထားဧကများကို အခက်အခဲမရှိ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် နောင်လာမည့်နှစ် ရေရှားပါးနိုင်မည့်အခြေအနေကို ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့်အတူ လိုက်လျောညီထွေ လိုက်ပါပြောင်းလဲနိုင်သော ဆည်ရေသောက်စနစ်ဖြစ်ပေါ်လာစေရန် ဆောင်ရွက်လျက်ရှိခြင်း၊ ရေလေလွင့်ဆုံးရှုံးမှုလျော့နည်းသက်သာစေရန် ဆည်မြောင်းစနစ် အဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်းခြင်း၊ ရေနုတ်မြောင်းများမှ ထုတ်နုတ်ရေများကို စိုက်ပျိုးရေအဖြစ် ပြန်လည်အသုံးချခြင်းဖြင့် ရေတစ်ယူနစ်၏ ထုတ်လုပ်မှုစွမ်းအား ပိုမိုတိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် အကျိုးရှိထိရောက်သော ရေစီမံခန့်ခွဲမှုလုပ်ငန်းများကို ရေအသုံးချသူတောင်သူများနှင့်ပူးပေါင်း၍ တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး လာမည့်နှစ် နွေသီးနှံစိုက်ပျိုးမည့်အချိန်တွင် ယခင်နှစ်များနည်းတူ အခက်အခဲမရှိ အောင်မြင်စွာပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်အေးချမ်း

### ❍ မြန်မာမှ

အသုံးမချနိုင်ခဲ့သဖြင့် ဂိုးပေါက်ပျောက်ဆုံးကာ နိုင်ပွဲနှင့်လွဲချော်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား ပထမအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နီပေါအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမအဆင့်တွင် မကာအိုအသင်းနှင့် တွေ့ဆုံနေပြီး အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားရမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-သော်ကြီး

# အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာအတွက်ဆိုရင် အမြဲတမ်းတံခါးဖွင့်ထားမယ်ဆိုတဲ့ ဆော်ဒီပရိုလိဂ်



လီဗာပူးအသင်း တိုက်စစ်မှူး မိုဟာမက်ဆာလာအနေနဲ့ ဆော်ဒီပရိုလိဂ်ကို ပြောင်းရွှေ့ခဲ့မယ်ဆိုရင် အမြဲတမ်းတံခါးဖွင့်ထားတယ်လို့ ဆော်ဒီပရိုလိဂ် အကြီးအကဲဖြစ်သူ အီမီနာလိုက ပြောကြားခဲ့ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာကို ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်အီတီဟက်ဒ်အသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၁၅၀ နဲ့ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပေမယ့် လီဗာပူးအသင်းကတော့ ရောင်းချမှာမဟုတ်ဘူးလို့ အခိုင်အမာပြောကြားထားတာဖြစ်ပါတယ်။

စက်တင်ဘာ ၇ ရက်မှာ ဆော်ဒီပရိုလိဂ်ရဲ့ အပြောင်းအရွှေ့ဈေးကွက် ပိတ်သိမ်းခဲ့ပေမယ့် လီဗာပူးအသင်း တိုက်စစ်မှူး မိုဟာမက်ဆာလာကတော့ ဆော်ဒီပရိုလိဂ်က ခေါ်ယူလိုတဲ့ အကောင်းဆုံး ကစားသမားတွေထဲက တစ်ဦးအဖြစ် ရှိနေဆဲဖြစ်တယ်လို့လည်း အီမီနာလိုက ပြောကြားခဲ့ပါတယ်။

အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက လီဗာပူးအသင်းနဲ့အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သူလည်းဖြစ်ပါတယ်။ အဲဒီလို စာချုပ်သစ်ချုပ်ဆိုခဲ့ပေမယ့် စက်တင်ဘာ ၁ ရက်မှာ အင်္ဂလန်ပရီမီယာလိဂ်အပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီအချိန်အထိ အယ်လ်အီတီဟက်ဒ်အသင်းက မိုဟာမက်ဆာလာကို ခေါ်ယူဖို့ကမ်းလှမ်းနေခဲ့တာဖြစ်ပါတယ်။

အဲဒီလိုကမ်းလှမ်းနေပေမယ့် လီဗာပူးအသင်းနည်းပြ ကလော့ပ်ကတော့ တိုက်စစ်မှူး မိုဟာမက်ဆာလာကို အသင်းမှာ ဆက်လက်ထားရှိသွားဖို့ စီစဉ်နေတာဖြစ်ပြီး ဆော်ဒီပရိုလိဂ်အကြီးအကဲကလည်း မိုဟာမက်ဆာလာအနေနဲ့ ဆော်ဒီပရိုလိဂ်ကို ပြောင်းရွှေ့ခဲ့မယ်ဆိုရင် အချိန်မရွေး လာရောက်ကစားခွင့်ပြုသွားမယ်လို့ ပြောကြားထားတာဖြစ်ပါတယ်။

## စပိန်အသင်းရဲ့ အသက်အငယ်ဆုံးကစားသမားနဲ့ အသက်အငယ်ဆုံးဂိုးသွင်းရှင်ဖြစ်လာတဲ့ ယာမယ်

လူငယ်ကစားသမား တစ်ဦးဖြစ်တဲ့ တိုက်စစ်မှူး ယာမယ်ဟာ စပိန်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ပွဲထွက်ကစားခွင့်ရရှိခဲ့တာကြောင့် စပိန်အသင်းရဲ့ အသက်အငယ်ဆုံးကစားသမားနဲ့ အသက်အငယ်ဆုံး ဂိုးသွင်းရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ပါတယ်။

အသက် ၁၆ နှစ်နဲ့ ၅၇ ရက်သာရှိသေးတဲ့ ဆယ်ကျော်သက်ကစားသမား ယာမယ်ဟာ စပိန်အသင်းနဲ့ ဂျော်ဂျီယာအသင်းတို့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ စပိန်နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ စတင်ပွဲထွက်ခွင့်ရရှိခဲ့သူဖြစ်ပြီး အဲဒီပွဲစဉ်မှာ ဒုတိယပိုင်း ပွဲကစားချိန် ၇၄ မိနစ်ရဲ့ စပိန်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဂျော်ဂျီယာအသင်းနဲ့ စပိန်အသင်းတို့ပွဲစဉ်မှာ စပိန်အသင်းက ခုနစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး စပိန်အသင်းဟာ ပွဲကစားချိန် ၂၂ မိနစ်၊ မိနစ် ၄၀ နဲ့ ၆၆ မိနစ်တို့မှာ မိုရက်တာက ဟက်ထရစ်သွင်းဂိုး၊ ၂၇ မိနစ်မှာ ဗာဗီလီယာရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုးတစ်ဂိုး၊ ၃၈ မိနစ်မှာ အိုလ်မိုကတစ်ဂိုး၊ ၆၈ မိနစ်မှာ နီကိုဝီလီယံရဲ့သွင်းဂိုးတစ်ဂိုးနဲ့ ၇၄ မိနစ်မှာ ယာမယ်ရဲ့သွင်းဂိုး တစ်ဂိုးတို့ ရရှိခဲ့တာဖြစ်ပါတယ်။

တောင်ပံကစားသမား ယာမယ်ဟာ အခုဘောလုံးရာသီမှာ ဘာစီလိုနာအသင်းနဲ့အတူ လေးပွဲပါဝင်ကစားပေးထားပြီး ၂၀၂၃ ခုနှစ်က အသက် ၁၇ နှစ်နဲ့ ၆၂ ရက်မှာ စပိန်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့တဲ့ ဂါဗီရဲ့ အသက်အငယ်ဆုံး ကစားသမားအဖြစ် စံချိန်တင်ခဲ့မှုကိုလည်း ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။



တောင်ပံကစားသမား ယာမယ်ဟာ ပြီးခဲ့တဲ့လအတွင်းက ဗီလာရီးယဲလ်အသင်းကို ဘာစီလိုနာအသင်းက လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်နိုင်ခဲ့တာကြောင့်လည်း ပြိုင်ပွဲ တစ်ပွဲလုံးရဲ့ အကောင်းဆုံး ကစားသမားဆုကိုလည်း ရရှိခဲ့သူဖြစ်ပါတယ်။



## နယူးကာဆယ်အသင်းနဲ့ပွဲစဉ်မှာ အနီကတ်ပြစ်ဒဏ်အတွက် တုံ့ပြန်ခဲ့မှုကြောင့် တစ်ပွဲပယ်ပြစ်ဒဏ်ထပ်မံချမှတ်ခံခဲ့ရတဲ့ လီဗာပူးအသင်းခေါင်းဆောင် ဗန်ဒိုက်

လီဗာပူးအသင်းခေါင်းဆောင် ဗန်ဒိုက်ဟာ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အနီကတ်ပြသခံခဲ့ရပြီးနောက် မဖွယ်မရာပြုမူခဲ့တယ်လို့ ဝန်ခံခဲ့တာကြောင့် တစ်ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရကာ ပေါင် တစ်သိန်းဒဏ်ရိုက်ခံရတဲ့အပြင် ပွဲပယ်ပြစ်ဒဏ်အဖြစ် တစ်ပွဲထပ်မံအပယ်ခံခဲ့ရတာဖြစ်ပါတယ်။

နောက်တန်းကစားသမား ဗန်ဒိုက်ဟာ နယူးကာဆယ်ကစားသမား အလက်ဇန္ဒားအီဆက်နဲ့ ဘောလုံးယှဉ်လုရာမှာ ကြမ်းတမ်းစွာကစားခဲ့တာကြောင့် ပွဲကစားချိန် ၂၈ မိနစ်မှာ အနီကတ်ပြထုတ်ပယ်ခံရတာဖြစ်ပြီး အဲဒီအနီကတ်ပြစ်ဒဏ်ကြောင့် စက်တင်ဘာ ၃ ရက်က အက်စ်တွန်ဗီလာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရတာဖြစ်ပါတယ်။

ဒါ့ပြင် နောက်တန်းကစားသမား ဗန်ဒိုက်ဟာ စက်တင်ဘာ ၁၆ ရက်မှာ ဝုလ်ဗာဟမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့်ပွဲစဉ်မှာလည်း လီဗာပူးအသင်းနဲ့အတူ ပါဝင်ကစားခွင့်ရရှိမှာမဟုတ်ဘဲ ထပ်မံလွဲချော်ရဦးမှာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ် အမေရိကန်အိုးပင်းတင်းနစ်ဖလားဆွတ်ခူး



နယူးယောက်မြို့မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အမေရိကန်နိုင်ငံရဲ့ ဆယ်ကျော်သက်တင်းနစ်မယ် ကိုကိုဂေါ့ဖ်က ဘီလာရုစ်တင်းနစ်မယ် ဆာဘာလန်ကာကို အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အိုးပင်းတင်းနစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီး ပထမဆုံးသော ဂရန်းဆလမ်းဆုဖလားကို ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

အသက် ၁၉ နှစ်အရွယ်ရှိ အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်ဟာ ဘီလာရုစ်တင်းနစ်မယ် ဆာဘာလန်ကာကို ၂-၆၊ ၆-၃၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဩစတြေးလျအိုးပင်းတင်းနစ်ဆုဖလားကို ရယူထားနိုင်ခဲ့ပြီဖြစ်တဲ့ ဆာဘာလန်ကာဟာ ယခုအမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ကိုကိုဂေါ့ဖ်ကို ရှုံးနိမ့်ခဲ့တာကြောင့် ဒုတိယအကြိမ်မြောက် အဓိကတင်းနစ်ဆုဖလားရရှိရေး ထပ်မံစောင့်ဆိုင်းရဦးမှာလည်း ဖြစ်ပါတယ်။

အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်ကတော့ လက်ရှိအချိန်မှာ အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို ရယူနိုင်ခဲ့ပြီဖြစ်တာကြောင့် ၁၉၉၉ ခုနှစ်အတွင်းက အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကိုရယူနိုင်ခဲ့တဲ့ တင်းနစ်မယ် ဆရီနာဝီလျံပြီးရင် ဆယ်ကျော်သက်အရွယ်နဲ့ အမေရိကန်အိုးပင်းတင်းနစ် ဆုဖလားရယူနိုင်ခဲ့တဲ့ ပထမဆုံးအမေရိကန်တင်းနစ်မယ်လည်း ဖြစ်လာခဲ့ပါတယ်။

■

# ရွေးကောက်ပွဲကျင်းပရာတွင် စဉ်းစားသုံးသပ်သင့်သည့် ကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

**မဲဆန္ဒရှင်တစ်ဦး**

"ရွေးကောက်ပွဲများသည် ဒီမိုကရေစီအတွက်အခြေခံအုတ်မြစ်ဖြစ်သည် . . . ဒီမိုကရေစီရှင်သန်စေရေးအတွက် ရေသောက်မြစ်ဖြစ်သည် . . . ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် ပင်စည်ပင်မဖြစ်သည် . . . "ဟု မှတ်သားမိသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ခိုင်မြဲရေးအတွက် ရွေးကောက်ပွဲများသည် ဥပဒေနှင့်ညီညွတ်၍ လွတ်လပ်ပြီး တရားမျှတရမည်ဖြစ်သည်။

## ရွေးကောက်ပွဲစက်ဝန်း

လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရွေးကောက်ပွဲစက်ဝန်းဖြင့် ကာလသတ်မှတ်ဆောင်ရွက်လေ့ရှိသည်။ ရွေးကောက်ပွဲစက်ဝန်းတွင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလတို့ပါရှိပြီး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေရေးရာမူဘောင်နှင့် လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များမှအစပြု၍ ရွေးကောက်ပွဲလုပ်ငန်းတာဝန်အဆင့်ဆင့် ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲများကျင်းပခြင်း၊ ကျင်းပခဲ့သည့်ရွေးကောက်ပွဲအပေါ် ပြန်လည်လေ့လာသုံးသပ်၍ အကဲဖြတ်ဆန်းစစ်ခြင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ဥပဒေရေးရာမူဘောင်များ ပြင်ဆင်ပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲစီမံချက်များ ဆက်လက်ဆောင်ရွက်ခြင်းတို့ကို စက်ဝန်းသဖွယ် ကာလတို၊ ကာလရှည် စဉ်ဆက်မပြတ်ဆောင်ရွက်ရသော လုပ်ငန်းစဉ်များ ပါရှိသည်။

## ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်

အခြေခံအားဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ရွေးကောက်ပွဲဆိုင်ရာစီမံချက်များ ရေးဆွဲခြင်း၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း၊ ရွေးကောက်ပွဲစီမံခန့်ခွဲသူများအား လေ့ကျင့်သင်တန်းပေးခြင်း၊ နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခြင်းနှင့် ကြီးကြပ်ခြင်း၊ မဲဆန္ဒရှင်စာရင်းများပြုစုခြင်း၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲနေ့ရက်နှင့် ရွေးကောက်ပွဲဆိုင်ရာကြေညာချက်များထုတ်ပြန်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းကြေညာခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲသုံးပစ္စည်းများ စီမံခန့်ခွဲခြင်း၊ မဲရုံများ ခင်းကျင်းပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့မဲရုံများတွင် ဆန္ဒမဲပေးခြင်း၊ အငြင်းပွားမှုများဖြေရှင်းခြင်း၊ ဆန္ဒမဲများ ရေတွက်ခြင်းနှင့် ဆန္ဒမဲရလဒ်ကြေညာခြင်း၊ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းတင်သွင်းခြင်း၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများအား ရွေးကောက်ပွဲခုံအဖွဲ့များဖြင့် စစ်ဆေးခြင်း၊ ကျင်းပခဲ့သည့် ရွေးကောက်ပွဲအပေါ် ပြန်လည်သုံးသပ်၍ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် နောင်ရွေးကောက်ပွဲများအတွက် စီမံကိန်းများရေးဆွဲခြင်းတို့ ဆောင်ရွက်ရပါသည်။

## ဆန္ဒမဲပေးခြင်းနှစ်မျိုး

ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ဆန္ဒမဲပေးခြင်း နှစ်မျိုးရှိပြီး ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာမဲရုံများ၌ ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲပေးခြင်းတို့ဖြစ်သည်။ ကြိုတင်မဲပေးခြင်းတွင် စာတိုက်၊ အွန်လိုင်းမှတစ်ဆင့် မဲပေးခြင်း၊ ကြိုတင်မဲပေးရန် သတ်မှတ်သည့် နေ့ရက်နှင့် နေရာများတွင် ကြိုတင်မဲပေးခြင်းတို့ ပါဝင်ပါသည်။ မဲဆန္ဒရှင်တစ်ဦးချင်းစီက ကြိုတင်မဲဖြင့်ဖြစ်စေ၊ မဲရုံမဲဖြင့်ဖြစ်စေ ဆန္ဒပြုလိုက်သော ထောက်ခံဆန္ဒမဲရလဒ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရသည်ဖြစ်ရာ ဆန္ဒမဲပေးခြင်းနှစ်မျိုးတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ ကင်းစင်ရန် လိုအပ်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံရေးအာဏာအတွက် ဝင်ပေါက်ဖြစ်သော ရွေးကောက်ပွဲတွင် မိမိပါတီအနိုင်ရရှိရေးအတွက် မသမာသောမဲ၊ တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲတို့ဖြင့် ရွေးကောက်မှုအခွင့်အရေးကို မတရားသောနည်းလမ်းဖြင့် ရယူမည်ဆိုပါက တရားမျှတမှုမရှိသည့် အကျည်းတန်သော ရွေးကောက်ပွဲအဖြစ် ရှုမြင်ရမည် ဖြစ်ပါသည်။

## ကမ္ဘာ့နိုင်ငံများတွင် ကြိုတင်မဲစနစ်ကျင့်သုံးမှုအခြေအနေ

ရွေးကောက်ပွဲဆိုင်ရာ လေ့လာဆန်းစစ်သူတို့၏ အဆိုအရ ကုလသမဂ္ဂအဖွဲ့ဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ပြဋ္ဌာန်းချက်မရှိသည့် နိုင်ငံ ၁၂၃ နိုင်ငံရှိကြောင်း သိရှိရသည်။ နိုင်ငံပေါင်း ၇၀ တွင်သာ ကြိုတင်မဲပေးခြင်းစနစ် လက်ခံကျင့်သုံးကြသည်ဟု ဆိုပါသည်။ ထိုနိုင်ငံ ၇၀ အနက် ၅၄ နိုင်ငံတွင် ပြည်တွင်းနှင့်ပြည်ပကြိုတင်မဲ နှစ်မျိုးလုံးခွင့်ပြုပြီး ၁၆ နိုင်ငံတွင် ပြည်တွင်းကြိုတင်မဲသာ ခွင့်ပြု၍ နိုင်ငံပြင်ပရောက်ရှိနေသူများအတွက် ကြိုတင်မဲပေးခွင့်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း သိရှိရသည်။ ထိုသို့ ကြိုတင်မဲပေးခြင်းခွင့်ပြုရာတွင်လည်း နိုင်ငံ ၁၅ နိုင်ငံကသာ မဲဆန္ဒရှင်အားလုံးကို လွတ်လပ်စွာ ကြိုတင်မဲပေးခွင့်ပြုထားပြီး ကျန်နိုင်ငံ ၅၅ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ရှိသူ မဲဆန္ဒရှင်အမျိုးအစားများကို သီးခြားသတ်မှတ်ထားကြောင်း သိရှိရသည်။

## မြန်မာနိုင်ငံ ရွေးကောက်ပွဲဥပဒေများ၏ ကြိုတင်မဲစနစ်

လွတ်လပ်ရေးရပြီး ပါလီမန်ခေတ် ၁၉၄၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲအက်ဥပဒေများအရ ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲများတွင် ကြိုတင်မဲပေးခြင်းပြဋ္ဌာန်းချက်မတွေ့ရဘဲ မဲရုံတွင်သာ မဲပေးရသည်။ ယင်းအက်ဥပဒေ၏ နည်းဥပဒေ ၆၇ တွင် ပုံစံ(၁၈)ဖြင့် ရွေးကောက်ပွဲတာဝန်ခံအရာရှိထံ လျှောက်လွှာတင်သွင်း၍ မိမိမဲပေးရမည့် မဲရုံမဟုတ်သော အခြားမဲရုံတစ်ခုခုတွင် ရွေးကောက်ပွဲတာဝန်ပေးအပ်ခြင်းခံရသည့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်၊ မဲရုံကိုယ်စားလှယ်၊ အစိုးရအမှုထမ်းတို့ကို တာဝန်ကျသည့် မဲရုံတွင် မဲပေးခွင့်ပြုသည့်ပြဋ္ဌာန်းချက်မျိုးသာရှိကြောင်း သိရှိရသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ၊ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများတွင် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်မဲပေးခြင်းနှင့် ပြည်တွင်းကြိုတင်မဲပေးခြင်းပြဋ္ဌာန်းချက်များ ပါရှိခဲ့သည်။ လက်ရှိ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများတွင်လည်း မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲနှင့် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။

> **"ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ဆန္ဒမဲပေးခြင်းနှစ်မျိုးရှိပြီး ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာမဲရုံများ၌ ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲပေးခြင်းတို့ဖြစ်သည်။ ကြိုတင်မဲပေးခြင်းတွင် စာတိုက်၊ အွန်လိုင်းမှတစ်ဆင့် မဲပေးခြင်း၊ ကြိုတင်မဲပေးရန် သတ်မှတ်သည့် နေ့ရက်နှင့်နေရာများတွင် ကြိုတင်မဲပေးခြင်းတို့ ပါဝင်ပါသည်။ မဲဆန္ဒရှင်တစ်ဦးချင်းစီက ကြိုတင်မဲဖြင့်ဖြစ်စေ၊ မဲရုံမဲဖြင့်ဖြစ်စေ ဆန္ဒပြုလိုက်သော ထောက်ခံဆန္ဒမဲရလဒ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရသည်ဖြစ်ရာ ဆန္ဒမဲပေးခြင်းနှစ်မျိုးတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ ကင်းစင်ရန် လိုအပ်မည်"**

မဲဆန္ဒနယ်ပြင်ပရောက်ရှိနေသူများအတွက် ကြိုတင်မဲပေးခြင်းနှင့် စပ်လျဉ်း၍ -

(၁) တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊
(၂) မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊
(၃) မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊
(၄) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ၊
(၅) အချုပ်ခံနေရသူများ၊
(၆) ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများ၊
(၇) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ စသည့် မဲဆန္ဒရှင်အမျိုးအစား ခုနစ်မျိုးကို သတ်မှတ်နည်းလမ်းများနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်မဲပေးခွင့်ပြုထားပါသည်။

မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သည့် အောက်ဖော်ပြပါ မဲဆန္ဒရှင်အမျိုးအစား ရှစ်မျိုးကိုလည်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီစဉ်ပေးရမည်ဟု ပြဋ္ဌာန်းချက်ပါဝင်ပါသည် -

(၁) အနာကြီးရောဂါစွဲကပ်နေခြင်း၊
(၂) ရောဂါဝေဒနာပြင်းထန်စွာခံစားနေရခြင်း၊
(၃) အသက်အရွယ်ကြီးရင့်နေခြင်း၊
(၄) သားဖွားနေခြင်း၊
(၅) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရခြင်း၊
(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရခြင်း၊
(၇) နိုင်ငံ့ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မဲစာရင်း ပါရှိရာဒေသမှကျော်လွန်၍ ယာယီတာဝန်သွားရောက်ထမ်းဆောင်ရခြင်း၊
(၈) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်း ပါရှိသော မဲဆန္ဒနယ်မှကျော်လွန်၍ ခရီးဝေးသွားလာရန်ရှိခြင်း။

## ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်မဲပေးကြရာတွင်

မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်း လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ဖြစ်သော ကြိုတင်မဲလက်မှတ် တောင်းခံခြင်း၊ ကြိုတင်မဲပေးမည့် အမည်စာရင်းပြုစုခြင်း၊ ကြိုတင်မဲလက်မှတ်နှင့် စာအိတ်များပေးပို့ခြင်း၊ ဆန္ဒပြုပြီးသော ကြိုတင်မဲလက်မှတ်များပါသည့် စာအိတ်များကို သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ ပြန်လည်ပေးပို့ခြင်းစသည့် လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်အချိန်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရပါသည်။

မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများနှင့် ကျောင်းသားများအတွက် သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်း၊ သင်တန်းများတွင်လည်းကောင်း၊ အချုပ်ခံနေရသူများအတွက် ရဲအချုပ်စခန်းတွင်လည်းကောင်း၊ ဆေးရုံတက်ရောက်နေရသည့် အတွင်းလူနာများအတွက် ဆေးရုံတွင်လည်းကောင်း၊ တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များအတွက် သက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့၊ သင်တန်းကျောင်းနှင့် စစ်အခြေစိုက်စခန်းများတွင်လည်းကောင်း၊ နိုင်ငံပြင်ပရောက်ရှိနေသူများအတွက် သက်ဆိုင်ရာ သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး၊ ကောင်စစ်ဝန်ရုံးတို့တွင်လည်းကောင်း၊ မဲရုံကဲ့သို့ပင် သက်ဆိုင်ရာ နိုင်ငံ့ဝန်ထမ်းဌာနအကြီးအမှူးများ၏ ကြီးကြပ်စီမံခန့်ခွဲမှုဖြင့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရသည်ဖြစ်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်များပြားသော်လည်း စနစ်တကျဆောင်ရွက်နိုင်သည့် အခြေအနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

သို့ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တာဝန်ယူဆောင်ရွက်သည့် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်တွင် အနာကြီးရောဂါစွဲကပ်နေသူများ၊ ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရသူများ၊ အသက်အရွယ်ကြီးရင့်နေသူများနှင့် သားဖွားနေသူများအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် နှစ်ဦးက နေအိမ်များတွင် အိမ်တိုင်ရာရောက် ကြိုတင်မဲလိုက်လံကောက်ယူရသည်။ ထို့အတူ ရဲအချုပ်စခန်းနှင့် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများအတွက် သက်ဆိုင်ရာ ရဲစခန်း၊ အကျဉ်းစခန်းတွင်လည်းကောင်း၊ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူများအတွက် သက်ဆိုင်ရာဆေးရုံတွင်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် နှစ်ဦးက နေရာအရောက် ကြိုတင်မဲ သွားရောက်ကောက်ယူရပါသည်။ **စာမျက်နှာ ၂၅ သို့** ✤

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

## ၁၀-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၀၂၅။ | နှစ်ဖက်သောမိဘများကိုရည်စူး၍ မနောဇရာကုမ္ပဏီမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၀၂၆။ | ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့်ဇနီး ဒေါ်စော မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၀၂၇။ | မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းဌာနမှ ဝန်ထမ်းများကောင်းမှု | ၅၀၀၀၀၀ |
| ၆၀၂၈။ | ဦးကျော်ပိုင်နှင့်ဇနီး ဒေါ်အိအိမြတ်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၀၂၉။ | ရတနာမိုးပုံနှိပ်စက်ရုံမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၀၃၀။ | ကွယ်လွန်သူဖခင်ကြီး ဦးသန်းလှိုင်သစ်နှင့် မိခင်ကြီး ဒေါ်ခင်စုစုတို့အားရည်စူး၍ သား၊ သမီး၊ မြေး၊ မောင်ဉာဏ်ရဲကျော်၊ မောင်ကျော်ဟိုးလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၀၃၁။ | ကိုဇော်လင်းထက်နှင့်ဇနီး မအေးမြသီတာသိန်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၀၃၂။ | ဦးအေးနှင့်ဇနီး ဒေါ်သိန်းသိန်း (ငွေစံပွာယ်ဆေးပေါ့လိပ်) မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၀၃၃။ | ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်သန်းနုမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၀၃၄။ | ဦးစိုးသန်းနှင့်ဇနီး ဒေါ်သန်းသန်းမော် မိသားစုကောင်းမှု | ၂၄၀၀၀၀ |
| ၆၀၃၅။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးတင်ဟုန်နှင့်ဇနီး ဒေါ်စန်းမြင့်နှင့် သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၆၀၃၆။ | ကိုရဲမင်းထွေးမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၀၃၇။ | ဦးမောင်မောင်နှင့် မောင်နှမတစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၆၀၃၈။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်မြကျင်အားရည်စူး၍ (သမီး) မဇကေရီကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၃၉။ | ဗိုလ်မှူးဇော်မိုးထက်(ငြိမ်း)နှင့်ဇနီး ဒေါ်ကြည်ဖြူရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၄၀။ | ကွယ်လွန်သူဒေါ်အုန်းမြိုင်အားရည်စူး၍ ဦးအေးသောင်းနှင့်ဇနီး ဒေါ်စန်းစန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၄၁။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်မိုးသီတာကျော်၊ ဦးလှထွေးနှင့်ဇနီး ဒေါ်ဝင်းဝင်းမာမိသားစုများကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၄၂။ | ဦးအေးကြည်နှင့်ဇနီး ဒေါ်ပိုပို၊ (သား) မောင်ထွဋ်ကိုကို၊ မောင်သက်နိုင်စိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၄၃။ | ဒုတိယဗိုလ်မှူးကြီးဝင်းမင်းလတ်နှင့်ဇနီး မခင်မြတ်စုလင်း (သား) မောင်ဘုန်းမင်းနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၄၄။ | ကွယ်လွန်သူ (ဦးစံရီ)အားရည်စူး၍ ဒေါ်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၄၅။ | ဦးစိုင်းသီဟကျော်နှင့်ဇနီး ဒေါ်နန်းဇကေရီမောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၄၆။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်တင်တင်စိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၄၇။ | ဦးတင်ရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၄၈။ | ဒေါ်ခင်ခင်အိမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၄၉။ | ကွယ်လွန်သွားကြသောနှစ်ဖက်မိဘများအား ရည်စူး၍ ဦးစိုးမြင့်သန်းနှင့်ဇနီး ဒေါ်ခင်မာပြုံးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၅၀။ | ဒေါ်အေးစန်း (ညီမ) ဒေါ်စန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၅၁။ | ဒေါ်မြင့်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၅၂။ | ဦးဖိုးဝင်းနှင့်ဇနီး ဒေါ်အုန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၅၃။ | ဒေါ်သောင်းမြရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၅၄။ | ဦးသောင်းစိန်နှင့်ဇနီး ဒေါ်သန်းသန်းထွန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၅၅။ | ဒေါ်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၅၆။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်နွဲ့နွဲ့အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၅၇။ | ဦးစံမြနှင့်ဇနီး ဒေါ်စန်းရည်စူး၊ (သမီး) ဒေါ်မြမြဝင်း၊ (သား) မောင်သက်လှိုင်ဦး၊ မောင်သက်လှိုင်ထူး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၅၈။ | မိခင်ကြီးဒေါ်တင်အားရည်စူး၍ (သမီး) ဒေါ်အေးကြည် မွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၆၀၅၉။ | ဒေါ်တင်ငွေးကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၆၀။ | ဦးအေးသော်နှင့်ဇနီး ဒေါ်အေးသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၆၁။ | ဦးရန်ဖာနှင့်ဇနီး ဒေါ်လောက်ခွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၆၂။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၆၃။ | ဦးဖိုးဝေနှင့်ဇနီး ဒေါ်ခင်မြင့်(ရွှေစင်အောင်ကုန်စုံဆိုင်) မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၆၄။ | ကိုချစ်ကိုကိုနှင့်ဇနီး မစုစုခိုင်၊ (သမီး) မဆုဆုစံ၊ (သား) မောင်ဘုန်းမြတ်အောင်၊ မောင်ထိုက်တန်လင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၆၅။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးထွန်းလင်းအောင်နှင့်ဇနီး ဒေါ်ဖြိုးဖြိုးမြင့်၊ (သမီး) မယွန်းရတီလင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၆၆။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်သိန်းသိန်းဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၆၇။ | ဦးအောင်စိုးနှင့်ဇနီး ဒေါ်မာလာဆွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၆၈။ | ဦးမောင်မောင်အေးနှင့်ဇနီး ဒေါ်ခင်ခင်နွဲ့ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၆၉။ | ဦးဝင်းသိန်းနှင့်ဇနီး ဒေါ်ချယ်ရီသန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၇၀။ | ဦးကျော်စိုးခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၇၁။ | ဒေါက်တာမောင်ကျော်နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၇၂။ | ဦးငွေသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


**ဖခင်အမည်မှန်**

မိတ္ထီလာမြို့ အထက(၂) Grade-11မှ မသင်းရန့်အေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဖြိုးဦး [၉/မထလ(နိုင်)၂၉၈၈၀၂] ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ဒေါ်သင်းအိစံ [၁၂/လမတ(နိုင်)၀၃၆၅၂၄] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်(MF 794400)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph-09-781281127**

**ပျောက်ဆုံးကြောင်း**

ဦးသော်တာဆွေ[၁၄/ဝခမ(နိုင်) ၁၉၉၅၄၈] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph-09-777282700**

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(မော့ကနင်)၊ Grade (11)မှ မောင်အောင်မင်းထိုက်နှင့် Grade(8)မှ မောင်ဇော်လင်းဦးတို့၏ဖခင်အမည်မှန်မှာ ဦးမျိုးအောင်[၁၀/လမန(နိုင်) ၀၁၀၂၇၃] ဖြစ်ပါကြောင်း။ **ဦးမျိုးအောင်**

**အမည်ပြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ လေးအိမ်တန်းကျေးရွာအုပ်စု၊ ညောင်ချောင်းကျေးရွာနေ ဦးသန်းဇော်နှင့် ဒေါ်ရီရီမြင့်တို့၏ သမီး မလဲ့ရွှေရည်မြင့်အား မရွှေဖူးအိဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မိခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

ဒဂုံတောင်ပိုင်းခရိုင်၊ ဒဂုံတောင်မြို့နယ်၊ ၂၀-ရပ်ကွက်နေ မဇာဇာအေး၏ မိခင်အမည်မှန်မှာ ဒေါ်မလှအေး ဖြစ်ကြောင်း၊ မွေးသက္ကရာဇ်အမှန် ၈-၁၂-၁၉၈၄ ဖြစ်ပါကြောင်း။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူပုဂ္ဂိုလ်တစ်ဦး အောင်မြင်တိုးတက်ဖို့ဆိုတာ အသိပညာ၊ အတတ်ပညာကြွယ်ဝမှုပေါ်မှာ တည်ပါတယ်။ ဒါဟာလူတိုင်းအတွက် ပညာတတ်မြောက်မှု လိုအပ်တယ်ဆိုတာ ဖော်ပြတာပါ။ ဒါ့ကြောင့် ကျောင်းနေအရွယ်တိုင်း အတန်းပညာမြင့်မားရေးကို အမျိုးသားရေးစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်သာယာဝပြောမှု အကျိုးရလဒ်ကို ရရှိစေပါလိမ့်မယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

ယနေ့ ဖတ်စရာ

### ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

စာမျက်နှာ » ၉

### အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာအတွက် ဆိုရင် အမြဲတမ်းတံခါးဖွင့်ထားမယ်ဆိုတဲ့ ဆော်ဒီပရိုလိဂ်

စာမျက်နှာ » ၂၃

## နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၀

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❂



## မိုးစပါးနှင့် အခြားသီးနှံများ လျာထားချက်ပြည့်မီရေး ကင်းတားရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေလျက်ရှိ

မြစ်သား စက်တင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ကင်းတားရေလှောင်တမံသည် နှစ်စဉ်မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးရေပေးဝေလျက်ရှိသော တမံဖြစ်ပြီး ဒေသတွင်းသောက်သုံးရေနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့အပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတို့ကိုပါ အကျိုးပြုလျက်ရှိသော ဘက်စုံရေလှောင်တမံတစ်ခုဖြစ်ပြီး စိုက်ပျိုးသီးနှံများအတွက် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြစ်သားမြို့မှ သိရသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✻



## မြန်မာနှင့် နီပေါအသင်း ခြေစမ်းပွဲ ဒုတိယပွဲ ယနေ့ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာ့လက်ရွေးစင်အသင်းနှင့် နီပေါလက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို စက်တင်ဘာ ၁၁ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ဒုတိယပွဲကစားခြင်းဖြစ်**

မြန်မာအသင်းနှင့် နီပေါအသင်းသည် စက်တင်ဘာ ၈ ရက်တွင် ပထမခြေစမ်းပွဲကစားပြီးနောက် သုံးရက်အကြာတွင် ဒုတိယပွဲကစားခြင်းဖြစ်သည်။ ပထမပွဲတွင် နှစ်သင်းစလုံး အနိုင်ရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် ဂိုးမရှိသရေ ရလဒ်ဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နီပေါအသင်းနှင့် ပထမခြေစမ်းပွဲတွင် လိုအပ်ချက်များစွာရှိခဲ့ပြီး ကစားပုံမကောင်းသလို ဂိုးသွင်းခွင့်များစွာကိုလည်း

စာမျက်နှာ ၂၂ ကော်လံ ၅ သို့ ❍